မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(၈မွမ၁၅-၈၆)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ သောကြာနေ့ အတွဲ (၆၄)၊ အမှတ်(၃၅၇)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံသို့ တရားဝင်အလုပ်သဘောခရီး သွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ မကြာမီ ရက်ပိုင်းအတွင်း ကာဇက်စတန်နိုင်ငံသို့ တရားဝင်အလုပ်သဘောခရီးသွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ကာဇက်စတန်နိုင်ငံသမ္မတအပါအဝင် တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို ဆွေးနွေးသွားမည်ဖြစ်သည်။ သတင်းစဉ်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စည်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agrobased Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စည်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စည်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင်ကျင်းပပြုလုပ်သည့် "ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် - ၂၀၂၅ (World Atomic Week forum 2025)" ၏ မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၅

"ကမ္ဘာ့အဏုမြူ သီတင်းပတ်ဖိုရမ်-၂၀၂၅ (World Atomic Week forum 2025)" ကို ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Atom Museum ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် "နည်းပညာသစ်မွေးဖွားခြင်းမှ ကမ္ဘာသစ်အမြင်ဆီသို့ (From a New Technological Rollout to a New Worldview)" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက် ဆွေးနွေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့အဏုမြူ သီတင်းပတ်ဖိုရမ် - ၂၀၂၅ မျက်နှာစုံညီ ထိပ်သီးအစည်းအဝေး တက်ရောက်စဉ်။

ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်စို့

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံများစွာတို့တွင် ပြည်ပဝင်ငွေရှာဖွေရေးအတွက် အဓိက အားကိုးအားထားပြုရသော ကဏ္ဍတစ်ရပ်ဖြစ်ပြီး အရှိန်အဟုန်ဖြင့် တိုးတက်နေသည့် လုပ်ငန်းလည်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကူးစက်ဖျံနှံ့မှုမဖြစ်မီ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတကာခရီးသွားဦးရေသည် ၁ ဒသမ ၄ ဘီလီယံထိ ရောက်ရှိခဲ့ရာ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ခရီးသွားဧည့်သည်မှာ ကိုဗစ်-၁၉ မတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ခရီးသွားလုပ်ငန်းဆိုသည်မှာ လူတစ်ဦးသည် နေထိုင်ရာအရပ်ဒေသမှ အခြားအရပ်ဒေသသို့ အလည်အပတ်ဖြစ်စေ၊ အခြားရည်ရွယ်ချက်ဖြင့်ဖြစ်စေ တစ်ရက်ထက်မနည်း၊ တစ်နှစ်ထက်မကျော်သော အချိန်ကာလအတွင်း သွားလာခြင်းကို ခေါ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထိုသို့သွားရောက်ရာတွင် ခရီးသွားဧည့်သည်တို့က သယ်ယူပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေး စသည့်ဝန်ဆောင်မှုများကို အသုံးပြုမှသာ ခရီးသွားခြင်းဟု ဆိုနိုင်သည်ဟုလည်း သုတေသီတို့က ဆိုကြသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစားအသီးသီးထံသို့ ဝင်ငွေများ တိုက်ရိုက်နှင့် သွယ်ဝိုက်သောနည်းလမ်းများဖြင့် စီးဝင်စေခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သည့် မီးခိုးမထွက်သည့်စက်ရုံ (Smokeless Industry) ဖြစ်သည်ဟုလည်း ဆိုသည်။

ခရီးသွားလုပ်ငန်း၏အရေးပါမှုနှင့် ခရီးသွားလုပ်ငန်းမှ တစ်ဆင့် ဆက်စပ်ရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများ စသည်တို့ကို ပြည်သူများ ပိုမိုသိရှိနားလည်နိုင်စေရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ် စက်တင်ဘာ ၂၇ ရက်တွင် ကမ္ဘာတစ်ဝန်းလုံးရှိ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံများတွင် ပြုလုပ်လျက်ရှိသည်။ ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို "ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်စို့" (Tourism And Sustainable Transformation) ဟု သတ်မှတ်ထားသည်။ ယင်းဆောင်ပုဒ်က ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊ ခရီးသွားကဏ္ဍတွင် အပြုသဘောဆောင်သော အပြောင်းအလဲများ ဖော်ဆောင်ဖန်တီးရန်၊ လူနှင့်ကမ္ဘာမြေ ရေရှည်အကျိုးဖြစ်ထွန်းရေး ဆောင်ရွက်ရန်တို့ကို အလေးပေးထားခြင်းဖြစ်သည်။

ခရီးသွားကဏ္ဍ အသွင်ကူးပြောင်းရေးလမ်းညွှန်ရာတွင် ဦးစားပေးလုပ်ငန်းနယ်ပယ် လေးခုတို့အနေဖြင့် လူငယ်များ၊ အမျိုးသမီးများနှင့် ဘေးဖယ်ခံထားရသောအုပ်စုများအတွက် ပညာရေးနှင့် ကျွမ်းကျင်မှုတို့တွင် ရင်းနှီးမြှုပ်နှံခြင်း၊ အသေးစား၊ အလယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) နှင့် လုပ်ငန်းစတင်ထူထောင်သူများကို ပံ့ပိုးကူညီခြင်း၊ ရေရှည်တည်တံ့နိုင်စွမ်းရှိပြီး ရာသီဥတုနှင့်လိုက်ဖက်ညီသည့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ခြင်း၊ သဘာဝအရင်းအမြစ်များကို တာဝန်သိစွာ အသုံးချရန်အားပေးခြင်းတို့ဖြစ်သည်။

မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည် အရင်းအမြစ်ကောင်းများ ပြည့်စုံကြွယ်ဝပြီး အလားအလာကောင်းများစွာတို့ရှိနေသော်လည်း များစွာကြိုးပမ်းဆောင်ရွက်ရန် လိုအပ်နေသေးသည်။ ဒေသတွင်းရှိ ခရီးသွားလုပ်ငန်းကဏ္ဍ ရှေ့တန်းရောက်နိုင်ငံများနှင့်နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံမှာ နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုနည်းပါးလျက်ရှိရာ အဘက်ဘက်မှ ပိုင်းဝန်းဆောင်ရွက်ကြခြင်းအားဖြင့် ခရီးသွားလုပ်ငန်းစျေးကွက်အတွင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ကြရမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းအပါအဝင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ရာ တိုင်းရင်းသားပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းကြရပါမည့်အကြောင်း။ ။

၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ဘဏ်ပိတ်ရက်ကြေညာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁)ရက် (ဗုဒ္ဓဟူး)နေ့သည် "ဘဏ်ပိတ်ရက်" ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၅ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆ - ၉ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမ်ပြင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၉၂၀	၃၀၃၅	၃၀၀၀	၂၉၃၅	၃၀၄၀	၃၀၅၅	၃၀၇၀	၂၉၉၀	၄၅၀၅	၃၂၈၅	၃၀၁၀	၃၀၁၀	၃၀၈၀	၃၀၄၅	၃၀၆၅	၃၃၂၅
95 Ron	၂၉၈၀	၃၀၉၅	၃၀၆၀	၂၉၉၅	၃၁၀၀	၃၁၁၅	၃၁၃၅	၃၀၅၅	၄၅၆၀	၃၃၄၅	၃၀၇၀	၃၀၇၀	၃၁၄၀	၃၁၀၅	၃၁၃၀	၃၃၈၅
HSD (500 ppm)	၂၅၈၀	၂၆၉၅	၂၆၆၀	၂၅၉၅	၂၇၀၀	၂၇၁၅	၂၇၃၅	၂၆၅၀	-	၂၉၄၅	၂၆၇၀	၂၆၇၀	၂၇၄၀	၂၇၀၅	၂၇၂၅	၂၉၈၅
HSD (50 ppm)	၃၁၇၅	၃၂၈၅	၃၂၄၅	၃၁၉၀	၃၂၉၅	၃၃၁၀	၃၃၂၅	၃၂၄၅	၄၈၃၀	၃၅၃၅	၃၂၆၀	၃၂၆၅	၃၃၃၅	၃၂၉၅	၃၃၂၀	၃၅၇၅
HSD (10 ppm)	၃၁၇၅	၃၂၈၅	၃၂၄၅	၃၁၉၀	၃၂၉၅	၃၃၁၀	၃၃၂၅	၃၂၄၅	-	၃၅၃၅	၃၂၆၀	၃၂၆၅	၃၃၃၅	၃၂၉၅	၃၃၂၀	၃၅၇၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၅၃	၂၈၄၂
95 Ron	၂၈၁၃	၂၉၀၃
HSD (500 ppm)	၂၄၂၄	၂၅၀၂
HSD (50 ppm)	၂၉၉၈	၃၀၈၈
HSD (10 ppm)	၂၉၉၈	၃၀၈၈

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇
၀၆၇- ၄၁၁၂၈၂ ၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	ဟန်လင်းအောင်	သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းမှူး	-	မြင့်စိုး	အကြီးတန်း	-	ကျော်သူဝင်း၊ တင်မောင်လွင်၊
စာတည်းများ	-	ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း	သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဘာသာပြန်စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်	အယ်တန်း	-	ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သုတေသန	-	အိအိခင်နှင့် အဖွဲ့	သတင်းထောက်များ		
စာပြင်	-	ဇော်မင်းသန်းနှင့် အဖွဲ့	ဓာတ်ပုံသတင်းထောက်	-	တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့	အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၅ ဖက်စ် ၀၆၇-၃၆၁၄၄၅ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၀၄၊ စီမံ ၀၁-၅၄၄၃၃၁၅၊ ဌေဒေရင်း ၀၁-၅၄၄၃၃၁၆၊ ကြော်ငြာ ၀၁-၅၄၅ရ၃၄၊ ၀၁- ၅၅ဂ၁၁၈၊ Fax ၀၁-၅၄၆၂၂၁ ၊ ၀၆၇-၃၆၁၄၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၀၇၊ Fax ၀၁-ရ၆၀၄၅၅၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀ရ၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ရွှေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွှေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွှေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွှေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွှေးကောက်ပွဲနှင့်ပတ်သက်၍ ပိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ *ရှေ့ဖုံးမှ*

အဆိုပါ "ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် - ၂၀၂၅ (World Atomic Week forum 2025)" သို့ရှရားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာမေနီးယားနိုင်ငံဝန်ကြီးချုပ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့အပါအဝင် နိုင်ငံတကာမှခေါင်းဆောင်များ၊ အစိုးရအဖွဲ့အဆင့်မြင့်အရာရှိကြီးများနှင့် နျူကလီယားစွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကမ္ဘာ့ထိပ်တန်းကျွမ်းကျင်သူများ၊ ကုမ္ပဏီကြီးများမှ အကြီးအကဲများ၊ CIS၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဒေသများမှ ခေါင်းဆောင်များနှင့် နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း(ROSATOM)၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း(ROSATOM)၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev က အဖွင့်အမှာစကား ပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ၊ အာမေနီးယားနိုင်ငံဝန်ကြီးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၊ အီဆီယိုးဒီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ IAEA ၏ ညွှန်ကြားရေးမှူးချုပ်တို့ အပါအဝင် တက်ရောက်လာကြသည့် နိုင်ငံတကာမှ အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိကြီးများနှင့် နျူကလီယားစွမ်းအင်ဆိုင်ရာအဖွဲ့ အစည်းများမှ အကြီးအကဲများ၊ ကမ္ဘာ့ထိပ်တန်းကျွမ်းကျင်သူများက မိန့်ခွန်းများ အသီးသီးပြောကြားကြသည်။

ဆွေးနွေးမှုဝေပေးနိုင်

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အဏုမြူလုပ်ငန်းများ၏ နှစ်(၈၀)ပြည့် အခမ်းအနားနှင့် ဆက်စပ်ကျင်းပသည့် ယခုအပြည်ပြည်ဆိုင်ရာဗိုရမ် ကမ္ဘာ့အဏုမြူသီတင်းပတ်သည် နျူကလီယားစွမ်းအင်နှင့် နျူကလီယားနည်းပညာ၏ ကမ္ဘာ့စွမ်းအင်လိုအပ်ချက်၊ စိုက်ပျိုးရေး၊ ဆေးပညာနှင့် စက်မှုကဏ္ဍများအပေါ် အထောက်အကူပြုခဲ့သည့် သမိုင်းကြောင်းကို ဖော်ပြပေးသည်သာမက အနာဂတ် နျူကလီယား လုပ်ငန်းများအတွက် ရည်မှန်းချက်ကောင်းများကို ဆွေးနွေးမှုဝေဝေးနိုင်မည့် ဗိုရမ်တစ်ခုလည်း ဖြစ်ကြောင်း။

ယခုဗိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့် "အရာရာတိုင်းသည် အက်တမ်တစ်ခုမှ စတင်သည် (Everything starts with an atom.)" ဆိုသည့်အတိုင်း မိမိတို့အပါအဝင် စကြဝဠာကြီးထဲတွင်ရှိသည့် အရာဝတ္ထုများအားလုံးသည် အက်တမ်များနှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိန့်ခွန်းပြောကြားစဉ်။

ဖွဲ့စည်းထားခြင်းပင်ဖြစ်ကြောင်း။

အဆွေတော်တို့ သိကြသည့်အတိုင်း အက်တမ်၏ နျူကလီယပ်စ်ထဲက ကြီးမားသည့် နျူကလီယားအားကို ထိန်းချုပ်အသုံးချနိုင်ခဲ့ခြင်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းအပြင် ဆေးပညာ၊ စိုက်ပျိုးရေးနှင့်စက်မှုကဏ္ဍများကို များစွာဖွံ့ဖြိုးတိုးတက်စေခဲ့ကြောင်း။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည်လည်း ဆိုဗီယက်ပြည်ထောင်စုကာလ ၁၉၅၄ ခုနှစ် ဇွန်လ ၂၆ ရက်မှစ၍ ကမ္ဘာ့ပထမဦးဆုံး နျူကလီယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးသည့် နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း။ ယခုလက်ရှိတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် လောင်စာသစ်များကို ထုတ်လုပ်ပေးနိုင်သည့် အမြန် နျူထရွန်သုံးနျူကလီယားဓာတ်ပေါင်းဖို (Fast Breeder Reactors) များကို အောင်မြင်စွာလည်ပတ်နိုင်သည့် တစ်ခုတည်သော နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း။

နှစ်ပေါင်း (၈၀)ကျော်ကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နျူကလီယားကဏ္ဍကို အသိပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ငြိမ်းချမ်းသော အဏုမြူဆိုင်ရာသိပ္ပံပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီးရှူးတန်ဆောင်တစ်ခုအဖြစ် မယိမ်းယိုင်ဘဲ ခိုင်မြဲစွာ ပြောင်းလဲပေးခဲ့ကြသည့် သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများ၊ မူဝါဒရေးဆွဲသူများနှင့် ရည်မှန်းချက်ကြီးမားသူများအားလုံးကို မိမိ၏နှလုံးသားထဲမှ လိုက်လှဲစွာဖြင့် ချီးကျူးဂုဏ်ပြုစကား ပြောကြားလိုကြောင်း။

ပူးတွဲအသုံးပြုရန် စီမံကိန်းများချမှတ်

ကမ္ဘာ့စွမ်းအင် လိုအပ်ချက်သည် နှစ်စဉ်တိုးတက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ(IEA)၏ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်မှာ ၂၀၂၄ ခုနှစ်ထက် ၂.၂ % တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ယခုလက်ရှိတွင် ကမ္ဘာ့စွမ်းအင်လိုအပ်ချက်၏ ၉ ရာခိုင်နှုန်းကို နျူကလီယားစွမ်းအင်မှ ရယူလျက်ရှိပြီး World Net-Zero Carbon Emissions အရ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များနှင့် နျူကလီယားစွမ်းအင်ကို ပူးတွဲအသုံးပြုရန်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ နျူကလီယားစွမ်းအင်သည် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် Green Energy တစ်ခုလည်းဖြစ်ပြီး တည်ငြိမ်လျှပ်စစ်စွမ်းအားကိုလည်း ပေးစွမ်းနိုင်ကြောင်း။

ထို့အပြင် စိုက်ပျိုးရေးတွင် နျူကလီယားနည်းပညာများသည် ပိုရ၍ဘေးကင်းလုံခြုံပြီး ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသည့် အစားအစာထုတ်လုပ်မှုကို ပံ့ပိုးပေးပါကြောင်း၊ မျိုးဗီဇပြောင်းလဲမွေးမြူခြင်းကဲ့သို့ အစီအစဉ်များသည် မိုးခေါင်ရေရှားမှု၊ ပိုးမွှားနှင့် ရောဂါများကို ခံနိုင်ရည်ရှိသည့်သီးနှံများကို ထုတ်လုပ်ပေးခဲ့ပြီး မျိုးပွားနိုင်မှုမရှိသည့် အင်းဆက်နည်းပညာသည်လည်း ပိုးသတ်ဆေးအသုံးပြုမှုကို လျှော့ချနိုင်စေခဲ့သကဲ့သို့ ဂေဟစနစ်များကို ကာကွယ်ပေးခြင်းနှင့် ရေရည်တည်တံ့သည့် ရိတ်သိမ်းမှုများကိုဖြစ်စေကြောင်း၊ မိမိတို့ကဲ့သို့ စိုက်ပျိုးရေးနိုင်ငံများအတွက် များစွာအကျိုးဖြစ်စေကြောင်း။

ဆေးပညာပိုင်းတွင်ဆိုပါက ရေဒီယိုအိုင်ဆိုတုပ်များနှင့် နျူကလီယားပုံရိပ်ဖော်နည်းပညာများသည် ရောဂါကို ရှာဖွေခြင်းနှင့် ကုသခြင်းနည်းလမ်းများကို ပြောင်းလဲစေခဲ့ကြောင်း၊ ကင်ဆာရောဂါများကို စောစီးစွာသိရှိနိုင်ခြင်းနှင့် ရေဒီယိုဓာတ်ရောင်ခြည်နည်းဖြင့် ကုသခြင်း (Radiotherapy)ကရရှိလာသည့် တိကျသည့် ပစ်မှတ်ထားကုသမှုတို့ကြောင့် နှစ်စဉ်နှစ်တိုင်း သန်းနှင့်ချီသည့် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပြီး မရေမတွက်နိုင်သော လူပေါင်းများစွာ၏ ဘဝများကို ပိုမိုကောင်းမွန်စေခဲ့ကြောင်း၊ နျူကလီယားဆေးပညာသည် လူသားမျိုးနွယ်အတွက် သိပ္ပံပညာအစွမ်းဖြင့် ဝန်ဆောင်မှုပေးနိုင်ခြင်း၏ ဥပမာတစ်ရပ်ဖြစ်ကြောင်း။

နျူကလီယားစွမ်းအင်ကို ငြိမ်းချမ်းသည့်ရည်ရွယ်ချက်ဖြင့် နယ်ပယ်အသီးသီးတွင် အသုံးချပါက လူသားမျိုးနွယ်အတွက်များစွာအကျိုးပြုသလို အခြားတစ်ဖက်တွင်လည်း အားနည်းချက်များရှိကြောင်း၊ နျူကလီယားစွမ်းအင် အသုံးပြုသည့် အခါ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို မထိခိုက်အောင် ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲရန် လိုအပ်ခြင်း၊ နျူကလီယားဒြပ်ပစ္စည်းများမှ ဓာတ်ရောင်ခြည်ယိုစိမ့်မှုမဖြစ်အောင် ကာကွယ်ရန်လိုအပ်ခြင်းနှင့် နျူကလီယား မတော်တဆမှုများ မဖြစ်ပွားအောင် စိတ်ချရသည့်သေးငင်းလုံခြုံမှုရှိအောင် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ရန် လိုအပ်ခြင်းတို့ရှိကြောင်း။

မြန်မာနိုင်ငံသည် နျူကလီယားစွမ်းအင်အသုံးပြုနိုင်ရေးအတွက် ၂၀၂၂ ခုနှစ်ကစ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း (ROSATOM) နှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး နျူကလီယားစွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ခဲ့ခြင်းသည် နျူကလီယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်စတင်ချနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နျူကလီယားနယ်ပယ်တွင် အတွေ့အကြုံကြွယ်ဝပြီး

စာမျက်နှာ ၄ သို့

❒ **မြန်မာနိုင်ငံသည် နျူကလီယားစွမ်းအင် အသုံးပြုနိုင်ရေးအတွက် ၂၀၂၂ ခုနှစ်ကစ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း (ROSATOM) နှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး နျူကလီယားစွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ခဲ့ခြင်းသည် နျူကလီယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ် စတင်ချနိုင်ခဲ့ခြင်းဖြစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့၌ ကျင်းပသည့် သိပ္ပံပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြား

ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနည်းပညာများကို မျက်ခြည်မပြတ်ဆည်းပူးလေ့လာပြီး မိမိတို့တတ်ကျွမ်းသည့်ပညာရပ်နှင့် နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများတွင် ဆက်လက်ဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "လူငယ်နှင့်အနာဂတ်မြန်မာ – သိပ္ပံနှင့်နည်းပညာ" ခေါင်းစဉ်ဖြင့် သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၂၅

"လူငယ်နှင့်အနာဂတ်မြန်မာ – သိပ္ပံနှင့်နည်းပညာ" ခေါင်းစဉ်ဖြင့် သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ RADISSON COLLECTION ဟိုတယ်၊ Conference Hall ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါသိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှူဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဥာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ရေလေ) ဗိုလ်မှူးချုပ်ကျော်စိုးဦး၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံ အရပ်ဘက်တက္ကသိုလ်များတွင် ပညာသင်ကြား လျက်ရှိသည့် သင်တန်းသားများ တက်ရောက်ကြ သည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ

စာမျက်နှာ ၅ သို့

စာမျက်နှာ ၃ မှ

ထိပ်တန်းဖြစ်သည့် ရုရှားနိုင်ငံနျူကလီးယားစက်ရုံနှင့် နည်းပညာအပေါ် မိဒီယာမျိုးစုံနှင့် ပြည်သူလူထုပိုမိုနားလည်သဘောပေါက်စေရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တစ်ဆက်တည်း၌ပင် အမျိုးသားအဆင့် နျူကလီးယားအခြေခံ အဆောက်အအုံနယ်ပယ်များ၌ ရုရှားဖက်ဒရေးရှင်း နိုင်ငံနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းလမ်းညွှန်ချက်များ (Terms of Reference – ToR) ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ "ROSATOM" နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး "သိပ္ပံပွဲတော် ၂၀၂၃" နှင့် "သိပ္ပံပွဲတော် ၂၀၂၄" တို့ကို နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်(YTU) တို့၌ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် မြန်မာကျောင်းသားများကို နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာနှင့် ဗဟုသုတများစွာ ရရှိစေခဲ့ကြောင်း။

ROSATOM မှ ချီးမြှင့်သည့် ပညာသင်ဆုအစီအစဉ်ဖြင့် Small Modular Reactor–SMR အတွက် လုပ်ငန်းလိုအပ်ချက်များအပါအဝင် နျူကလီးယားစွမ်းအင်နှင့် နျူကလီးယားနည်းပညာအတွက် လိုအပ်သည့် လူစွမ်းအားအရင်းမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် နျူကလီးယားစွမ်းအင်အစီအစဉ် အကောင်အထည်ဖော်ဆောင်ရာတွင် လုပ်ငန်းမှတ်တိုင် ၃ ခု၊ လုပ်ငန်းအဆင့် ၃ ခုတို့ဖြင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ ROSATOM ၏ Timeline အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၅၇ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency–IAEA)၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ချိန်မှစပြီး အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (Technical Cooperation) တွင် ပါဝင်ခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီအနေဖြင့် လုပ်ငန်းရရှိပုံငွေပံ့ပိုးပေးခြင်း၊ စက်ပစ္စည်းကိရိယာများထောက်ပံ့ပေးခြင်း၊ အခြေခံအဆောက်အအုံများ မြှင့်တင်ပေးခြင်းတို့အပြင် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များတွင် ပါဝင်စေခြင်း၊ နည်းပညာဆိုင်ရာသင်တန်းများ ပေးခြင်း၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ ဆောင်ရွက်စေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၄ ခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီက ကြီးမှူးကျင်းပသည့် နျူကလီးယားဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ နျူကလီးယားဥပဒေကို ပြင်ဆင်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ROSATOM နည်းပညာအကယ်ဒမီနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီတို့ ကြီးမှူးကျင်းပသည့် နိုင်ငံခြားကျွမ်းကျင်သူများအတွက် အမျိုးသားအဆင့်နျူကလီးယားအစီအစဉ်များ အကောင်အထည်ဖော်မှုတွင် ပါဝင်သည့် အယ်စားနျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံများ နေရာချထားခြင်းဆိုင်ရာ ဒေသတွင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးသင်တန်းကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၈ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် IAEA အဖွဲ့ဝင်နိုင်ငံအဖြစ် နျူကလီးယားနယ်ပယ်များ မြန်မာနိုင်ငံမှာ အသုံးပြုနိုင်ရေး နှစ်ပေါင်းများစွာကတည်းက ကြိုးစားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တုံ့နှေးနေခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်ကစပြီး ရုရှားနိုင်ငံနှင့်ပူးပေါင်းကာ အရိုန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ကြိုးစားခဲ့မှု၊ ရုရှားနိုင်ငံ၏ အဘက်ဘက်မှ အားဖြည့်ဆောင်ရွက်ပေးမှုတို့ကြောင့် တိုးတက်မှုများသိသာစွာရရှိခဲ့ပြီး ဖြစ်ကြောင်း။

နျူကလီးယားစွမ်းအင်ဟာ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် Green Energy တစ်ခုလည်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်မှ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကို ထုတ်ယူပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအား လိုအပ်ချက်မြင့်မားလျက်ရှိပြီး အသေးစားစက်မှုလုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ဖြည့်တင်းပေးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နျူကလီးယားနည်းပညာနှင့် ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူစွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံရှိ တက္ကသိုလ်များနှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး စီမံလုပ်ဆောင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ကနဦးခြေလှမ်းအဖြစ် အယ်စားနျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်နိုင်ရေးအတွက် ROSATOM နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် အခြေခံအဆောက်အအုံများနှင့် အခြားသောကဏ္ဍ ပေါင်းစုံတိုးချဲ့ ဆောင်ရွက်နိုင်ရေး ရုရှားဖက်ဒရေးရှင်း နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အယ်စားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည့်နျူကလီးယား အခြေခံအဆောက်အအုံ၊ လူစွမ်းအား အရင်းအမြစ်များနှင့် အခြားလိုအပ်သည့် လုပ်ငန်းများကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှင့် ROSATOM တို့က တတ်နိုင်သမျှ မြန်မာနိုင်ငံကို ဆက်လက်ကူညီပေးပါရန် မိမိအနေဖြင့် အလေးအနက်ထား မေတ္တာ ရပ်ခံအပ်ပါကြောင်း။

အလားတူ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) က လည်း မြန်မာနိုင်ငံ၏ နျူကလီးယားစွမ်းအင်အကောင်အထည် ဖော်ဆောင်ရာတွင် လူစွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီပေးရန်လည်း မိမိအနေဖြင့် အလေးအနက်ထား မေတ္တာ ရပ်ခံအပ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ယခုအပြည်ပြည်ဆိုင်ရာ ဗိုရမ် ကမ္ဘာ့အဏုမြူသီတင်းပတ်ကို တက်ရောက်လာကြသည့် နိုင်ငံများနှင့်လည်း နျူကလီးယားနည်းပညာကဏ္ဍနှင့်ပတ်သက်သည့် သင့်လျော်ရာ Sector များ၌လည်း ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မိတ်ဖက်ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်လိုကြောင်းနှင့် အဏုမြူစွမ်းပကားဖြင့် ကမ္ဘာ့ပြည်သူများ ငြိမ်းချမ်းသာယာဖွံ့ဖြိုး၍ အကျိုးပြုပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ "ကမ္ဘာ့အဏုမြူသီတင်းပတ် ဗိုရမ် –၂၀၂၅ (World Atomic Week forum 2025)" ကို ရုရှားနိုင်ငံ နျူကလီးယားကော်ပိုရေးရှင်း Rosatom က ပြည်တွင်း နျူကလီးယားစက်မှုလုပ်ငန်း၏ နှစ်(၈၀) ပြည့်အထိမ်းအမှတ်အဖြစ် နျူကလီးယားနည်းပညာ၏ ငြိမ်းချမ်းရေးဆိုင်ရာ အသုံးဝင်မှုများကို ကမ္ဘာတစ်ဝန်းမြှင့်တင်ရန် ရည်ရွယ်၍ ယနေ့ စက်တင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ ဗိုရမ်၏ လုပ်ငန်းအစီအစဉ်များကို နျူကလီးယားအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ ကမ္ဘာ့ထိပ်တန်းကျွမ်းကျင်သူများ၊ ကုမ္ဗဏီကြီးများမှ အကြီးအကဲများ၊ CIS ၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဒေသများမှ ခေါင်းဆောင်များနှင့် နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြကာ သန့်ရှင်းသော စွမ်းအင်၊ အဆင့်မြင့်ဆေးဘက်ဆိုင်ရာ၊ ကောင်းမွန်သော ပတ်ဝန်းကျင်၊ စက်မှုဆန်းသစ်မှု၊ ဂေဟဗေဒ၊ ဒစ်ဂျစ်တယ်နည်းပညာ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် သိပ္ပံပညာရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ လူငယ်အစီအစဉ်များကိုဦးစားပေးကျင်းပသွားမည်ဖြစ်ပြီး ရုရှား Knowledge အသင်းမှဦးဆောင်သည့် သိပ္ပံနှင့်ပညာ ပြန့်ပွားရေးရန်ပုံငွေပြိုင်ပွဲ "Knowledge. First" ကို ပြုလုပ်မည်ဖြစ်ကာ နိုင်ငံတကာ ဆွေးနွေးပွဲပလက်ဖောင်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၄ မှ

လေ့လာဆန်းစစ်မှုများ၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် နည်းပညာဆိုင်ရာများကို ကဏ္ဍပေါင်းစုံတွင်အသုံးချနိုင်မည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ စသည်ဖြင့် ကဏ္ဍအလိုက် ပိုစတာများဖြင့် သုံးသပ်တင်ပြထားမှုအား ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာကြပြီး ပြကွက်တာဝန်ခံများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

လိုအပ်ချက်များကို ဖြည့်ဆည်းအဖြေရှာ

ထို့နောက် သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စတင်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားရာ ယနေ့ကျင်းပသည့် "လူငယ်နှင့် အနာဂတ်မြန်မာ" သိပ္ပံနှင့်နည်းပညာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသည် အနာဂတ်မြန်မာနိုင်ငံတွင် ကြုံတွေ့လာနိုင်သည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းအဖြေရှာနိုင်စေရန်၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များ စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းပါဝင်လာစေရေး ခေတ်မီဆန်းသစ်ပြီး စဉ်းစားတွေးခေါ်နိုင်မှုဖြင့်မားသည့် ပညာတတ်လူငယ်များဖြစ်လာစေရန်၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်များ၏ စွမ်းဆောင်နိုင်မှုအပေါ် မြှင့်တင်အားပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ယခုဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တက္ကသိုလ်အသီးသီးတွင် သုတေသနပြုစုနေကြသည့် သင်တန်းသားများက လေ့လာတွေ့ရှိချက်များအပေါ် မိမိတို့တွင်ရှိသည့် အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး တင်ပြဆွေးနွေးကြမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာကဏ္ဍအပေါ် အကျိုးရှိစေမည်ဖြစ်ကြောင်း၊ တင်ပြဆွေးနွေးသူများ၏ လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်များအပေါ် တက်ရောက်လာသူများနှင့် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခြင်းများ၊ အတွေ့အကြုံဖလှယ်ခြင်းများ ပြုလုပ်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ စွမ်းအင်ဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာ၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုနည်းပညာဆိုင်ရာနယ်ပယ်များတွင် ပညာရှင်များစွာ လိုအပ်လျက်ရှိနေကြောင်း၊ ပြည်တွင်း၌အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေအချိုးအစားများပြားသော်လည်း စက်မှု၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း။

ထို့ကြောင့် လူငယ်များကို ဝေဖန်ပိုင်းခြားတွေးခေါ်တတ်မှု၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်တတ်မှု၊ ပြဿနာကိုကိုင်တွယ်ဖြေရှင်းနိုင်မှု၊ စုပေါင်းဆောင်ရွက်နိုင်မှု စသည့် စွမ်းရည်များသာမက စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန်အတွက် ညီလာခံများ၊ ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အရပ်ဘက် တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများအနက် ကိုယ်စားလှယ်သင်တန်းသား တစ်ဦးက သိပ္ပံနည်းပညာဆိုင်ရာ ဆန်းစစ်လေ့လာချက်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြစဉ်။

နိုင်ငံတော်အနေဖြင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသည့် ဆောင်ပုဒ်အတိုင်း ပညာရေးကဏ္ဍကို အားပေးထောက်ပံ့လျက်ရှိပြီး ပညာရေး အသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်ခွင့်ပြုပေးလျက်ရှိကြောင်း၊ အသိဉာဏ်ပညာပြည့်စုံသည့် လူငယ်ပညာရှင်များ ပေါ်ထွန်းလာရေး၊ အသိပညာ၊ အတတ်ပညာ၊ စွမ်းရည်များနှင့်ပြည့်စုံပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်တည်လာစေရေး လူငယ်များကို နိုင်ငံ့အနာဂတ်ပွဲကိုင်ရှင်များအဖြစ် သတ်မှတ်ကာ နိုင်ငံသားတိုင်းအားလုံးက လူငယ်စွမ်းရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိဖိစီးစီးလုပ်ဆောင်ရန် လိုကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

ယနေ့မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံအများစုက ကဏ္ဍပေါင်းစုံတွင် အချက်အလက်များကို အသုံးချပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြကြောင်း၊ သတင်းအချက်အလက် သိပ္ပံနည်းပညာဆိုင်ရာလုပ်ငန်းများ၊ အချက်အလက် သိပ္ပံသုတေသနလုပ်ငန်းများနှင့် နိုင်ငံတော်အတွက် အထောက်အကူပြုသည့် အကျိုးဖြစ်ထွန်းစေမည့် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ယနေ့ခေတ်တိုးတက်မှု အမြန်ဆုံးနည်းပညာမှာ ဉာဏ်ရည်တုနည်းပညာ(AI) ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ဉာဏ်ရည်တုနည်းပညာကို တွင်ကျယ်စွာအသုံးပြုနေကြပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ သယံဇာတပို့ဆောင်ရေးကဏ္ဍများတွင် ဉာဏ်ရည်တုနည်းပညာ အသုံးပြုနိုင်ရေး ကြိုးပမ်းသွားရမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် ဉာဏ်ရည်တုနည်းပညာကို စိုက်ပျိုးရေးကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လူသားအရင်းအမြစ်များမွေးထုတ်

ဉာဏ်ရည်တုနည်းပညာကို အကျိုးရှိစွာ အသုံးချရေး၊ ခိုင်မာသော ဉာဏ်ရည်တုနည်းပညာဂေဟစနစ်ကို တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် အသုံးချမှုများမှ တစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ရှုကလီးယားစွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ မိမိတို့မြန်မာနိုင်ငံတွင် ရှုကလီးယားနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှုကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရှုကလီးယားနှင့် ဓာတ်ရောင်ခြည်နည်းပညာကို စွမ်းအင်ကဏ္ဍအပြင် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် အသုံးချနိုင်သည့်အတွက် မိမိတို့နိုင်ငံ၏ ရှုကလီးယားအခြေခံအဆောက်အအုံတည်ထောင်နိုင်ရေး ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ကြောင်း။

ယနေ့ မိမိတို့ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းသည် ရှိရင်းစွဲအလုပ်ကို ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံအတွက် အရွေ့တစ်ခု၊ မှတ်တိုင်တစ်ခုကို ရေးထိုးနိုင်သည်အထိ လုပ်ငန်းများအပေါ်ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ခြင်းနှင့် စိတ်အားထက်သန်မှုရှိခြင်းတို့သည် ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အဓိကသော့ချက်တစ်ခု ဖြစ်သည်ကို အစဉ်နှလုံးသွင်း ခံယူထားပြီး ကြိုးစားကြရန်လည်း မှာကြားလိုကြောင်း။

ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနည်းပညာများကို မျက်ခြည်မပြတ်ဆည်းပူးလေ့လာပြီး မိမိတို့တတ်ကျွမ်းသည့်ပညာရပ်နှင့် နိုင်ငံ အကျိုးပြုသုတေသနလုပ်ငန်းများတွင် ဆက်လက်ဆောင်ရွက်သွားရမည်လည်းဖြစ်ကြောင်း၊ သင်ကြားပေးလိုကိသည့် ခေတ်မီနည်းပညာများကို နိုင်ငံအတွင်း၌ ထိရောက်စွာ အသုံးချနိုင်ရေး နိုင်ငံ့အကျိုးစီးပွားအတွက် လက်ဆင့်ကမ်းလွှဲပြောင်းထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲမှ နိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ၊ လိုအပ်ချက်များကို ဖော်ထုတ်နိုင်ကြစေရန်နှင့် နိုင်ငံ့အကျိုးစီးပွားအတွက် ရည်ရွယ်ချက်ကောင်းနှင့် ခံယူချက်ကောင်းများထားရှိပြီး အနာဂတ်မြန်မာနိုင်ငံတော်၏ နိုင်ငံ့သားကောင်းများဖြစ်ကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အရပ်ဘက်တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများအနက် ကိုယ်စားလှယ်သင်တန်းသားများက သိပ္ပံနည်းပညာဆိုင်ရာ ဆန်းစစ်လေ့လာချက်များနှင့်ပတ်သက်၍ ခေါင်းစဉ်အလိုက် ဦးဆောင်ဆွေးနွေးတင်ပြကြသည်။

အပြန်အလှန်မေးမြန်းဆွေးနွေး

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက သိရှိလိုသည့်မေးခွန်းများကို မေးမြန်းဆွေးနွေးခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး အပြန်အလှန်မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကြီးမားပြီး တက္ကသိုလ်ပညာသင်နိုင်သည့် လူသားအရင်းအမြစ်ကောင်းများ များစွာလိုအပ်ကြောင်း၊ အရည်အချင်းရှိသည့် ကျောင်းသားများဖြစ်ရမည်ဖြစ်ပြီး အရေအတွက်များ များစွာရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် သင်ကြားရသည့်အတွေ့အကြုံများ၊ မြင်တွေ့နေရသည့် အတွေ့အကြုံများနှင့် ဆွေးနွေးတင်ပြသွားသည်ကိုတွေ့မြင်ရပြီး မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများဖြင့်လည်း ချိန်ထိုးစဉ်းစားသွားကြရန်လိုကြောင်း။

သုတေသနပြုလုပ်ရုံသာမက အသုံးချမှုနှင့် ပတ်သက်၍လည်း မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် ဒေသနှင့် တိုင်းပြည်၏အကျိုးကို ဖော်ဆောင်မြှင့်တင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း တက်ရောက်အောင်မြင်ပြီးစီးပါက လက်တွေ့လုပ်ငန်းနယ်ပယ်သို့ ဝင်ရောက်အလုပ်လုပ်ကိုင်နိုင်သည်အထိ သင်ကြားပေးသွားရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အားနည်းချက်များ ရှိနေဆဲဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်၍ ပညာရေးကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊

စာမျက်နှာ ၆ သို့

❒ **အဆင့်မြင့်ပညာရပ်များကို နိုင်ငံရပ်ခြား၌ လာရောက်သင်ယူနေရသည်ဖြစ်သည့်အတွက် တစ်ဦးချင်းစီအလိုက် ဘဝများတိုးတက်စေရေး၊ နိုင်ငံတော်မှ ပညာတော်သင်စေလွှတ်ရကြိုးနုပ်စေရေး ကြိုးပမ်းဆောင်ရွက်၊ ကောင်းမွန်သည့် အတွေးအခေါ်အသိအမြင်များဖြင့် နိုင်ငံတော်အတွက် ကြိုးပမ်းအားထုတ်၊ နိုင်ငံတော်၏ အနာဂတ်ကို ကောင်းမွန်သည့် ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာ တည်ဆောက်ရမည်ဖြစ်သဖြင့် တစ်ဦးချင်းစီအလိုက် စဉ်ဆက်မပြတ်ကြိုးစား**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေး

နှစ်နိုင်ငံအကြား သဘောတူညီချက်များစွာကို ရေးထိုးနိုင်ခဲ့ပြီးဖြစ်

နေပြည်တော် စက်တင်ဘာ ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညပိုင်းတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ တွေ့ဆုံဆွေးနွေးစဉ်။

တွေ့ဆုံဆွေးနွေး

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက ရင်းရင်းနှီးနှီးကြိုဆို နှုတ်ဆက်ပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဥာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်နိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ သမ္မတအုပ်ချုပ်မှူးရုံးဒုတိယအကြီးအကဲ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ လက်ထောက်အရာရှိ၊ ဘဏ္ဍာရေး၊ စွမ်းအင်ဝန်ကြီးဌာနတို့မှ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးကို လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ဂုဝ ကျော်ရှိပြီဖြစ်ပြီး အဆွေတော်ရုရှားနိုင်ငံသို့ ရောက်ရှိခဲ့ချိန်များတွင် နှစ်နိုင်ငံအကြား သဘောတူညီချက် များစွာကိုလည်း ရေးထိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ နှစ်နိုင်ငံ အစိုးရနှစ်ရပ်အကြား ရရှိထားသည့်သဘောတူညီချက်များကိုဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး အသေးစိတ်ဆွေးနွေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

စစ်ဘက်သံတမန်ဆက်ဆံရေး လက်တွဲဆောင်ရွက်လျက်ရှိ

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လုပ်ငန်းတာဝန်များ မအားလပ်သည့်ကြားမှ အဆွေတော်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံခွင့်ရရှိသည့်အတွက် အထူးပင် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာ–ရုရှားနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ဂုဝ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်သံတမန်ဆက်ဆံရေးသည်လည်း ခိုင်မြဲသော ချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတိုင်းသည် ၎င်းတို့၏ အချုပ်အခြာအာဏာနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ် လုံခြုံရေးအရ ထိပါးလာခဲ့ပါက ကာကွယ်ပိုင်ခွင့်ရှိသည်ကို မိမိအနေဖြင့် လက်ခံထားပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် ရုရှားနိုင်ငံ၏ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း မိမိအနေဖြင့် ကြိုဆိုပါကြောင်း၊ မကြာမီကာလအတွင်း ငွေတော်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုကျင်းပသွားမည်ဖြစ်ပြီး ကျင်းပပြီးစီးပါက ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလများတွင်လည်း မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ ဘုံအကျိုးစီးပွားများအတွက် နှစ်နိုင်ငံအကြားကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးနှင့် ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စာမျက်နှာ ၅ မှ

မိမိအနေဖြင့် အနာဂတ်ပညာတတ် လူငယ်များများပြားလာစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့နှင့် တိုင်ပင်ဆွေးနွေးခဲ့ပြီး Polytechnic တက္ကသိုလ်များ၊ Institute ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အခြေခံပညာ အလယ်တန်းအဆင့် တတ်မြောက်ပြီးသူများ တက်ရောက်နိုင်ရေးအတွက် စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဘာသာရပ်များကိုလည်း သိရှိနားလည်ကျွမ်းကျင်နိုင်စေရေး ဆက်လက်လေ့လာကြိုးစားအားထုတ်သွားရန်လိုကြောင်း၊ မိမိတို့သင်ယူတတ်မြောက်လာသည့် ဘာသာရပ်အသီးသီး၊ အသိအမြင်အသီးသီးတို့ဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကို ဖော်ဆောင်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဆင့်မြင့်ပညာရပ်များကို နိုင်ငံရပ်ခြားသို့ လာရောက်သင်ယူနေရသည်ဖြစ်သည့်အတွက် တစ်ဦးချင်းစီအလိုက် ဘဝများတိုးတက်စေရေး၊ နိုင်ငံတော်မှ ပညာတော်သင်စေလွှတ်ရကြိုးနုပ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကောင်းမွန်သည့် အတွေးအခေါ် အသိအမြင်များဖြင့် နိုင်ငံတော်အတွက် ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို ကောင်းမွန်သည့်ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာ တည်ဆောက်ရမည်ဖြစ်သဖြင့် တစ်ဦးချင်းစီအလိုက် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်ဆုရကျောင်းသားနှင့် ထူးချွန်ဆုရဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၅-၂၀၂۶ ပညာသင်နှစ်ပညာသင်ချီးမြှင့်ငွေပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အမျိုးသားစီမံကိန်းဝန်ကြီးဌာနရှိ ဝန်ထမ်းသားသမီးများဖြစ်သည့် ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်ဆုရ ကျောင်းသားနှင့် သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၅ - ၂၀၂۶ ပညာသင်နှစ်အတွက် ပညာသင်ချီးမြှင့်ငွေ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့် ဇနီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်ဆုရကျောင်းသား ကျောင်းသားမိဘများ၊ သင်တန်းထူးချွန်ဆုရဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထိုက်တန်သည့်ဆုများရရှိခဲ့

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုရှိကြသူများသည် ကြိုးစားအားထုတ်မှု၊ ဇွဲလုံ့လရှိမှုနှင့် ဥာဏ်ရည်ဥာဏ်သွေးပြည့်ဝမှုတို့ကြောင့် ထိုက်တန်သည့်ဆုများကို ရရှိခဲ့ကြသူများဖြစ်ကြောင်း၊ ယနေ့ လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရမည့်သူများ ဖြစ်သည့်အတွက် အသိပညာဗဟုသုတမြင့်မားပြီး စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရေးကြီးကြောင်း။

ကြိုးစားအားထုတ်

ထို့ပြင် နိုင်ငံတော်က ဖွင့်လှစ်သည့် သင်တန်းအသီးသီးတွင် တက်ရောက်ပြီး ထူးချွန်ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများကိုလည်း ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာ ကျန်မာကြွရှင်၍ ထူးချွန်ထက်မြက်သည့် "လူငယ်များ၏အား" ဖြင့် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ထူးချွန်ထက်မြက်သည့် လူငယ်များကို အစဉ်ချီးမြှောက် ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ လူငယ်များအနေဖြင့် ကျောင်းပညာရေးသာမက နည်းပညာခေတ်ဖြစ်သည့်အတွက် သုတေသနအခြေပြု လေ့လာမှုများမှတစ်ဆင့် နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေး အဆောက်အအုံ ဖွံ့ဖြိုးလာစေရေး ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း။

ယနေ့ခေတ်မှာ လူမှုကွန်ရက်နှင့် မီဒီယာများ အသုံးပြုမှုများပြားလာသည်နှင့်အညီ သတင်းတုသတင်းမှားများကို **အသိ၊ သတိ၊ ဉာဏ်ပညာဖြင့်** ဆင်ခြင်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မေးမှိန်ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း၊ အနာဂတ်ကိုဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးကိုလည်း အထူးသတိပြုရှောင်ကြဉ်ကြရန်နှင့် ကျန်းမာကြွရှိခိုင်ရေးအတွက်လည်း ကိုယ်လက်လှုပ်ရှားအားကစားကို လေ့လာလိုက်စားကြစေလိုကြောင်းနှင့် နောင်နှစ်များတွင်လည်း ဒီထက်မက ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများ၊ ထူးချွန်သည့်ဝန်ထမ်း ကောင်းများအပြင် နိုင်ငံတော်ကကျင်းပသည့် ဖြိုင်ပွဲများတွင်လည်း စိတ်ပါဝင်စားစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ထူးချွန်ဆုများရရှိအောင် ဆက်လက်ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ငါးဘာသာဂုဏ်ထူးရှင် သုံးဦးနှင့် လေးဘာသာဂုဏ်ထူးရှင် လေးဦးတို့ကို လည်းကောင်း(ဝဲပုံ)၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦးတို့ကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြန်လည်ပြောကြား

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ သုံးထပ်ကွမ်းလူရည်ချွန်ဆုရရှိခဲ့သည့် ကျောင်းသားနှင့်ထူးချွန်ဝန်ထမ်းများအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး ၂၀၂၅ - ၂၀၂۶ ပညာသင်နှစ် ပညာသင်ချီးမြှင့်ငွေများကိုလည်း ပေးအပ်ချီးမြှင့်ကြရာ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူ တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည်အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဝန်ထမ်းများကို ဂုဏ်ပြု လက်ဖက်ရည်ပိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကျောင်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်

နေပြည်တော် စက်တင်ဘာ ၂၅

ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေး အဖွဲ့နှင့် ပုဂ္ဂလိကကျောင်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃ ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပုဂ္ဂလိကကျောင်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ပုဂ္ဂလိကကျောင်းဆိုင်ရာ အမိန့်များ၊ ညွှန်ကြားချက်များ၊ အသစ်ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်သဘောပေါက်စေရန် ရည်ရွယ်ပါကြောင်း၊ ချမှတ်ထားသည့် မူဝါဒများကို သိရှိနားလည်ပြီး ပုဂ္ဂလိကကျောင်းအားလုံးက တစ်သမတ်တည်း တစ်ပြေးညီ လိုက်နာဆောင်ရွက်ရန်နှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကျောင်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

စင်တာများနှင့်ပတ်သက်၍ ညွှန်ကြားချက်များ မကြာမီ ထုတ်ပြန်မည် ဖြစ်ပါကြောင်း၊ ဥပဒေ၊ ညွှန်ကြားချက်များတွင် ပါရှိသည့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် ကျောင်းသား ကျောင်းသူများကို တွန်းအားပေးရန် ပုဂ္ဂလိကကျောင်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း။ သတ်မှတ်ထားသည့် စည်းကမ်းများလိုက်နာဆောင်ရွက်ရာတွင် ပုဂ္ဂလိကကျောင်းများအနေဖြင့် ကျောင်းသား ကျောင်းသူအချင်းချင်း ခိုက်ရန် ဖြစ်ပွားခြင်းများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းများ မဖြစ်ပေါ်စေရန် ကိုယ်ပိုင်ကျောင်းများမှ တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ခြင်းကိစ္စဆောင်ရွက်ရာတွင် အမျိုးသားသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံတကာသင်ရိုးသင် ပုဂ္ဂလိကကျောင်းများ၊ ကောလိပ်များ မှတ်ပုံတင်ခြင်းကို ယာယီ နှစ်နှစ် ခွင့်ပြုပေးထားပါကြောင်း၊ လာမည့် ၂၀၂۶-၂၀၂۷ ပညာသင်နှစ် မှတ်ပုံတင်အသစ်လျှောက်ထားရာတွင် ကိုယ်ပိုင်ကျောင်းများအနေဖြင့် သတ်မှတ်ထားသည့် စံနှုန်းများနှင့် ပြည့်မီရန် ဆောင်ရွက်ထားကြစေလိုပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ယနေ့ အချိန်ကာလအထိ ကောလိပ်အဖြစ်သာ ခွင့်ပြုထားပြီး ခွင့်ပြုချက်ရရှိသော ကောလိပ်များ အနေဖြင့် သတ်မှတ်ထားသည့် ကောလိပ်အင်္ဂါရပ်များနှင့်ကိုက်ညီမှုရှိရန် လိုအပ်ပါကြောင်း။ စင်တာဖွင့်လှစ်ထားခြင်းနှင့်ပတ်သက်၍ ပိုင်ရှင်တစ်ဦးတည်းမှ နာမည်အမျိုးမျိုးဖြင့် ဖွင့်လှစ်ခွင့်မရှိပါကြောင်းနှင့် မှတ်ပုံတင်ရာတွင် ရှင်းလင်းမှုရှိရန် လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေး ဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိကကဏ္ဍ၏ အကြံပြုချက်များနှင့်အတူ ပေါင်းစပ်ပြီး ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးနေမျိုးလှိုင်နှင့် တွဲဖက်အတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် ပုဂ္ဂလိက ကျောင်းကိုယ်စားလှယ်များက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းကြီးကြပ်ရေး အဖွဲ့နှင့် ပုဂ္ဂလိကကျောင်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၄ ရက်နှင့် စက်တင်ဘာ ၂၅ ရက်တို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း (Einstein)နှင့် ကွမ်တမ်သီအိုရီ(Quantum Theory) ရာပြည့်

ဒေါက်တာသန့်စင်(ရူပဗေဒ)

၂၀၂၅ ခုနှစ်သည် ရူပဗေဒဘာသာရပ်နှင့် အခြားသော သိပ္ပံပညာရပ်များအတွက် လွန်စွာနာမည်ကြီးခဲ့သည့် ကွမ်တမ်သီအိုရီ " Quantum Theory " နှစ်တစ်ရာ ပြည့်သည့်နှစ်ဖြစ်ပါသည်။ ယခုနှစ်မှာပင် တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော် ကွမ်တမ်မကွန်းနစ်ပညာ သင်ယူခဲ့သည့် မိခင်မန္တလေးတက္ကသိုလ်ကြီး၏ နှစ် (၁၀၀) ပြည့် ပွဲတော်ကြီးကို အောက်တိုဘာလ ၅ ရက်နှင့် ၆ ရက်နေ့တွင် မန္တလေးမြို့ရှိ ကျက်သရေအပေါင်းနှင့် ပြည့်စုံသော မန္တလေးတက္ကသိုလ်ကြီး၌ ကျင်းပတော့မည်ဖြစ်ပါသည်။

ကွမ်တမ် နှစ် (၁၀၀) ပြည့်ပွဲတော်

မန္တလေးတက္ကသိုလ် နှစ် (၁၀၀) ပြည့်ပွဲတော်ကြီးကို မြန်မာနိုင်ငံတစ်ဝန်းမှ မန္တလေးတက္ကသိုလ်သို့ တက်ရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် မန္တလေးတက္ကသိုလ်ကို ချစ်မြတ်နိုးကြသည့် သူများ၊ မန္တလေးသူ မန္တလေးသားများ အမှတ်တရ ဆင်နွဲကြရန် ပြင်ဆင်နေကြပါသည်။ ယခု ကျွန်တော် ဖော်ပြမည့် ကွမ်တမ် နှစ် (၁၀၀) ပြည့် ပွဲတော်ကြီး ကိုလည်း ကမ္ဘာ့နိုင်ငံအနှံ့ရှိ တက္ကသိုလ်များတွင် စာတမ်းဖတ်ပွဲများ၊ သိပ္ပံပညာရှင်ကြီးများကို ဂုဏ်ပြု ပွဲများ ပြုလုပ်နေကြပါသည်။

ကျွန်တော်သည် ၁၉၇၃ ခုနှစ်တွင် အခြေခံပညာ အထက်တန်းစာမေးပွဲကို သချာ၊ ရူပဗေဒ နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး မန္တလေးတက္ကသိုလ် (ထိုစဉ်က မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်) တွင် ရူပဗေဒအဓိကဘာသာဖြင့် စာတင်တက်ရောက်ခဲ့ပါသည်။ ပါမောက္ခချုပ်မှာ ဆရာကြီး ဦးလှရွှေ (မြန်မာစာ) ဖြစ်ပါသည်။ ရူပဗေဒပါမောက္ခမှာ ဆရာကြီး ဦးကျော်မြင့် ဖြစ်ပါသည်။ ထိုအချိန်က ကျွန်တော်တို့ ပထမနှစ် ကျောင်းသား ကျောင်းသူများသည် ပါမောက္ခကြီးများ၊ ဆရာကြီး ဆရာမကြီးများကို လေးစား အားကျလွန်းသဖြင့် သူတို့စာသင်ကြားရာ စာသင်ခန်းမများသို့ သွားရောက်၍ ကြည့်ရှုခဲ့ကြရပါသည်။သိပ္ပံပါမောက္ခဆရာကြီး ဒေါက်တာသန်းထွန်း၊ မြန်မာစာဆရာကြီးများ ဖြစ်ကြသည့် ဦးဘိုသင်း၊ ဦးဆန်းထွန်း၊ ဒေါမိမိလေး၊ ပထစီဆရာကြီး ဒေါက်တာကရာစူး၊ ပါဠိဆရာကြီး ဦးတင့်လွင်၊ စိတ်ပညာပါမောက္ခဆရာကြီး ဒေါက်တာစိန်တူ၊ ရုက္ခဗေဒမှ စိမ်းပြာရေည့် နာမည်ကြီး ဆရာကြီး ဒေါက်တာသန်းထွန်းနှင့် ဆရာ့ ဇနီး၊ ဘူဝိဗေဒမှ ဆရာကြီးများဖြစ်ကြသော ဦးသော်တင့်၊ ဦးဘမော်၊ သတ္တဗေဒမှ ဆရာကြီး Prof.Dr. Frederick Delphin (၁) ဦးမင်းသန့်၊ သချာဌာနမှ ဆရာကြီး ဦးနက်၊ ဒေါက်တာဘကြည် စသည်တို့ကိုလည်း ယခုထက်တိုင် အမှတ်ရနေပါသည်။





ဒေါက်တာဘကြည် စသည်တို့ကိုလည်း ယခုထက်တိုင် အမှတ်ရနေပါသည်။

၁၉၇၇ ခုနှစ် ကျွန်တော် မန္တလေးတက္ကသိုလ် ရူပဗေဒဘာသာ စတုတ္ထနှစ်တွင် ကွမ်တမ် မကွန်းနစ်ဘာသာကို စတင်တွေ့ထိ သင်ကြားခဲ့ရပါသည်။ ထိုအချိန်က ရူပဗေဒပါမောက္ခမှာ ဆရာကြီး ဒေါက်တာမျိုးတင့် ဖြစ်ပါသည်။ ကွမ်တမ်မကွန်းနစ်ဘာသာကို ဆရာကြီး ဒေါက်တာမျိုးတင့် ၊ ဆရာကြီး ဦးခင်မောင်သန်းတို့က သင်ကြားပေးခဲ့ပါသည်။ နောက်ပိုင်း မဟာသိပ္ပံတန်း တက်ရောက်ခဲ့သည့်အခါတွင် ကွမ်တမ်မကွန်းနစ်နှင့် ဆက်နွယ်နေသော ဘာသာရပ်များကို ဆရာကြီး ဒေါက်တာလှမြင့်၊ ဒေါက်တာထင်ကျော်၊ ဒေါက်တာဒေါ်စုစု၊ ဒေါက်တာစိန်ထွန်း၊ ဆရာကြီး ဦးကြီးမြင့် စသည့်ဆရာကြီးများနှင့် ယခုနောက်ပိုင်း အမျိုးသားစာပေဆုရ ရူပဗေဒဆရာကြီး ဒေါက်တာတင်လှိုင် (စာရေးဆရာ ဘိုးလှိုင်) အထိ ကွမ်တမ်မကွန်းနစ်ပညာနှင့် အဆက်မပြတ်ဘဲ လေ့လာနေပါသည်။

သိပ္ပံနယ်ပယ်တွင် လွန်စွာအသုံးဝင်

နိုင်ငံတကာနှစ်တစ်ရာပြည့် ကွမ်တမ်သိပ္ပံနှင့် နည်းပညာပွဲကြီး (The International Year of Quantum Science and Technology – IYQ) ကို ၂၀၂၅ ခုနှစ် ဧနှစ်လ၀ါရီလ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက် နေ့အထိတိုင် ကျင်းပမည်ဖြစ်ပြီး ပြင်သစ်နိုင်ငံ အခြေစိုက် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO) ဌာနချုပ်တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်မှ ၅ ရက်အထိ အပြည်ပြည်ဆိုင်ရာ ကွမ်တမ်သိပ္ပံနှင့် နည်းပညာပွဲကြီးကို ကျင်းပခဲ့ပါသည်။ ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များ၊ နိဘယ်ဆုရ သိပ္ပံပညာရှင်များ စုစုပေါင်း ၁၂၀၀ ကျော် တက်ရောက်ခဲ့ပါသည်။ ၁၉၂၅ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် ရူပဗေဒပညာရှင် ဟိုင်ဇင်ဘတ်(Heisenberg)က သိပ္ပံပညာရှင်ကြီး ပေါ်လီ(Pauli) ထံသို့ ရူပဗေဒဆိုင်ရာ ကွမ်တမ်တွေ့ရှိချက်တချို့ကို စာဖြင့် ရေးသားပေးပို့ခဲ့ပါသည်။ ထိုပေးပို့သည့် စာသည် ရူပဗေဒဘာသာပညာရပ်အတွက် အမှတ်တရစာတစ်စောင်ဖြစ်ခဲ့ပါသည်။ ယခုအခါ ကွမ်တမ်မကွန်းနစ်ပညာသည် သိပ္ပံနယ်ပယ် အသီးသီးတွင် လွန်စွာအသုံးဝင်သော ဘာသာရပ်တစ်ခု ဖြစ်လာပါသည်။

ဦးစွာ ကွမ်တမ်မကွန်းနစ် (Quantum Mechanics) ဆိုသည်မှာ အရာ၀တ္ထုများသည် အလွန်သေးငယ်လာသောအခါ ၎င်းတို့၏ ရွှေ့လျားမှုနှင့် ဆိုင်သော တွက်ချက်မှုများသည် ရှေးရိုးနယ္ယတန်တို့၏ ခေတ်နိယာမများနှင့်တွက်ချက်၍ မရတော့ပါ။ ထိုသေးငယ်သော အမှုန်အရွယ်၀တ္ထုများသည် လှိုင်းသဘာ၀ ဆောင်လာကြသည်။ ဤ၀ါကျ ကွမ်တမ်သီအိုရီ(Quantum Theory) ကို ကွမ်တမ်ကွန်းနစ်(Quantum Mechanics) ဟု ခေါ်ဆိုကြပါသည်။ ကွမ်တမ်ကွန်းနစ်ပညာ ပေါ်ပေါက်ခဲ့ပုံ ရာဇ၀င်ကို ဆွေးနွေးခြင်းသည်

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၉၃ ရက် သာ လိုတော့သည်။

နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၁၇ / ၂၀၂၅)
ဝ၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခွင့်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ခွင့်ပြုခြင်းများကို စီစစ်ဆောင်ရွက်ပေးခဲ့ပြီး ၁၈-၈-၂၀၂၅ ရက်စွဲပါ ကြေညာချက်အမှတ် (၅၅ /၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရန်အလို့ငှာ မိမိတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြချက်များအား ၂၈-၁၀-၂၀၂၅ ရက်နေ့မှ ၂၆-၁၂-၂၀၂၅ ရက်နေ့အထိ ခွင့်ပြုပေးရန် စီစဉ်ထားရှိပါသည်။

၃။ နိုင်ငံရေးပါတီများက နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြော တင်ပြလိုလျှင် သက်ဆိုင်ရာပါတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးသည် ၁၅ - ၁၀ - ၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဟောပြောတင်ပြလိုသည့် စာမူနှင့်အတူ သက်ဆိုင်ရာပါတီမှ ဟောပြောစည်းရုံးမည့် ပုဂ္ဂိုလ်အမည်၊ တာဝန်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကိုဖော်ပြ၍ ခွင့်ပြုမိန့်လျှောက်ထားရပါမည်။ ခွင့်ပြုမိန့် လျှောက်ထားသည့် စာမူသည် Pyidaungsu Font Size 13 ဖြင့် (A4) အရွယ်အစား **စက္ကူ** (၇) မျက်နှာထက် မပိုစေရ။ ပါတီ၏ တေးသီချင်းများ (ရုပ်/သံပါ) ထည့်သွင်းလိုပါက သီချင်းခွေ ၂ ခွေနှင့်အတူ သီချင်းစာသားကိုပါ ပေးပို့ရပါမည်။ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ မဲဆွယ်စည်းရုံးဟောပြောခြင်းမပြုလိုပါက မပြုလိုကြောင်း အကြောင်းကြားစာပေးပို့ရပါမည်။

၄။ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခွင့်ပြုရန် လျှောက်ထားကြသည့် နိုင်ငံရေးပါတီများအား အဆင်ပြေစွာ အလှည့်ကျ ဟောပြောတင်ပြနိုင်စေရန်အတွက် နိုင်ငံရေးပါတီတစ်ခုချင်းအလိုက် ဟောပြောတင်ပြခွင့်ရရှိသည့် နေ့ရက်နှင့် အချိန်ဇယားကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ ဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းသတ်မှတ်ပေးပါမည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဟောပြောတင်ပြလိုသည့်စာမူကို စိစစ်ပြီး -

(က) ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ရေးသားစေပြီး ခွင့်ပြုမိန့် ထုတ်ပေးခြင်း ပြုပါမည်။

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သော နေ့ရက်၊ အချိန်ဇယားနှင့်အညီ ခွင့်ပြုသည့် နေ့ရက်၊ အချိန်အပိုင်းအခြားနှင့် ဟောပြောရန် ခွင့်ပြုသည့် ပုဂ္ဂိုလ်၏အမည်ကို ခွင့်ပြုမိန့်တွင် ဖော်ပြပေးပါမည်။

(ဂ) ပြန်လည်ပြင်ဆင်ရေးသားရန်အတွက် ရိုက်ကူးမည့်နေ့ မတိုင်မီ လျှောက်ထားသူထံ အကျိုးအကြောင်းဖော်ပြလျက် အကြောင်းပြန်ကြားပေးပါမည်။

၆။ နိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောရာတွင် နိုင်ငံရေးပါတီ တစ်ခုအား -

(က) ဟောပြောချိန် ၁၅ မိနစ်အထိ ခွင့်ပြုပေးပါမည်။

(ခ) ပါတီ၏တေးသီချင်းများကို ထုတ်လွှင့်လိုပါက ဟောပြောရန် ခွင့်ပြုသည့် သတ်မှတ်ချိန် ၁၅ မိနစ်အတွင်းသာ ထုတ်လွှင့်ခွင့်ပြုပါမည်။

(ဂ) ဟောပြောစည်းရုံးမှုအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ တိုင်းရင်းသားဘာသာဖြင့်ဖြစ်စေ စည်းရုံးဟောပြောခွင့်ပြုပါမည်။ တိုင်းရင်းသားဘာသာဖြင့် ဟောပြောစည်းရုံးမည်ဆိုပါက မြန်မာဘာသာဖြင့်လည်း ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

၇။ နိုင်ငံရေးပါတီများသည် နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြရာတွင် အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရပါ -

(က) ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ဟောပြောမှု ပြုလုပ်ခြင်း။

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ဟောပြောမှုပြုလုပ်ခြင်း။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိသော ဟောပြောမှုပြုလုပ်ခြင်း။

(ဃ) နိုင်ငံတော်အား အကြည်ညိုဖျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောမှု ပြုလုပ်ခြင်း။

(င) တပ်မတော်ဗြိုက္ကဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောမှု ပြုလုပ်ခြင်း။

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း။

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမှုပြုသော ဟောပြောမှုပြုလုပ်ခြင်း။

(ဇ) ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော် ဟောပြောမှု ပြုလုပ်ခြင်း။

(ဈ) နိုင်ငံဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော် ဟောပြောမှု ပြုလုပ်ခြင်း။

၈။ နိုင်ငံရေးပါတီများသည် မိမိတို့၏ မူဝါဒသဘောတရားနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် မည်သို့ဆောင်ရွက်ဖော်ဆောင်မည်ကို ဥပဒေများနှင့်အညီ မဲဆွယ်စည်းရုံး ဟောပြောကြရမည်ဖြစ်ပါသည်။

၉။ သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်းလိုက်ကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးရန်ကိစ္စအလို့ငှာ မိမိတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြမှုများ ပြုလုပ်ကြရာတွင် ဤကြေညာချက်နှင့်အညီ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

(ဝုံ)သန်းစိုး
ဒုတိယ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာမျက်နှာ ၈ မှ

အခြားကွမ်တမ်သီအိုရီ၏ နာမည်ကြီး ရူပဗေဒပညာရှင်များမှာ မက်ဘွန်း (Max Born) (၁၈၈၂–၁၉၇၀)၊ ဒီဗရွင်း(De – Broglie) (၁၈၉၂ – ၁၉၈၇)၊ ပေါ်လီ(Pauli) (၁၉၀၀ – ၁၉၅၈)၊ ပေါလ်ဒီရက်(Paul Dirac)(၁၉၀၂ – ၁၉၈၄)၊ ရစ်ချတ်ဖေးမင်း (Richard–Feynman) (၁၉၁၈–၁၉၈၈) စသည်တို့ ဖြစ်ပါသည်။

လူသားအကျိုးပြုပစ္စည်းများ ဖန်တီး

ယခုအခါ ကွမ်တမ်မကွင်းနစ်နည်းပညာ၏ အသီးအပွင့်များဖြစ်သော ကွမ်တမ်ကွန်ပျူတာ (Quantum Computer)၊ ကွမ်တမ်ရေဒါ (Quantum Radar)၊ ကွမ်တမ်ဒေါ့ (Quantum Dot –QD)၊ ကွမ်တမ်ရစ်ပတ်ငြိတွယ်ခြင်း (Quantum Entang–lement) စသည့်ရူပဗေဒဘာသာရပ်များသည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ တက္ကသိုလ်များတွင် သုတေသနပြုလုပ်ကာ လူသားတို့ အကျိုးပြုပစ္စည်းများဖြစ်ရန် ဖန်တီးနေကြပါသည်။ မကြာမီ စူပါကွမ်တမ်ကွန်ပျူတာများ၊ စစ်ဘက်နှင့် ဆက်သွယ်ရေးနယ်ပယ်သုံး ကွမ်တမ်ရေဒါများ ပေါ်ပေါက်လာတော့မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာနှင့် အခြားသိပ္ပံဘာသာရပ်များတွင် ကွမ်တမ်မကွင်းနစ်ပညာကို သင်ကြားပို့ချပေးနေပါသည်။ ကွမ်တမ်ရူပဗေဒနှင့် ဆက်စပ်နေသော ပညာရပ်များကို နိုင်ငံခြားတက္ကသိုလ်များသို့ လေ့လာဆည်းပူးရန် ပညာတော်သင်များ စေလွှတ်လျက်ရှိပါသည်။ ကွမ်တမ်ရူပဗေဒပညာ တတ်ကျွမ်းနားလည်သော ပညာရှင်များလည်း ရှိပါသည်။

ကွမ်တမ်မကွင်းနစ်ပညာ နှစ် (၁၀၀) ပြည့်အချိန်တွင် မြန်မာနိုင်ငံမှ ကွမ်တမ်ပညာရှင်များအနေဖြင့် ကမ္ဘာကြီး၏ တိုးတက်နေသော သိပ္ပံပညာရပ်များကို လက်လှမ်းမီသမျှ ဝိုင်းဝန်းပါဝင် လေ့လာဆောင်ရွက်နိုင်ရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး အရှေ့ယမရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး (၂/၂၀၂၅) တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၅

အရှေ့ယမရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အရှေ့ယမရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကား ပြောကြားသည်။(ယာပုံ)

အစည်းအဝေးသို့ အရှေ့ယမရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အရှေ့ယမရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီကို ၅-၁-၂၀၁၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကလေးသူငယ်များအား အတင်းအကျပ် တပ်သားသစ်အဖြစ် စုဆောင်းခြင်းမပြုရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် စသည့်ကော်မတီ၏ ရည်ရွယ်ချက် ၃ ရပ်ဖြင့် တပ်မတော်အတွင်း အသက် ၁၈ နှစ်မပြည့်သူများ စစ်မှုထမ်းဆောင်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူပင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် တပ်မတော်(ကြည်း) ပါဝင်နေခြင်းကို စာရင်းမှပယ်ဖျက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့အကြား အရှေ့ယမရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက်(Plan of Action) ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ကော်မတီနှင့် CTFMR တို့ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်ပါကြောင်း။

ထိုသို့ကော်မတီနှင့် CTFMR တို့အကြား Plan of Action သည် အသက်ဝင်ခြင်း မရှိတော့သော်လည်း မြန်မာ့တပ်မတော်အနေဖြင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကို ရှေးရှုလျက် မိမိတို့လုပ်ဆောင်ရန်ရှိသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါကြောင်း၊ တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရှေ့ယမရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ သဘောတူသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း အလေးထားလိုက်ပါ စုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီ၏ ရည်မှန်းချက်အတိုင်း တပ်မတော်အတွင်း ကလေးစစ်သားအသုံးပြုမှုမရှိစေရေး တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို CTFMR သို့ အသိပေး အကြောင်းကြားလျက်ရှိပါကြောင်း။

Plan of Action လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၂ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဩဂုတ်လအထိ အရှေ့ယမရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ ပူးပေါင်းပြီး အရှေ့ယမရောက်သေးမီမှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် အမြဲတမ်းစစ်မှုထမ်း ၁၁၅၂ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း တပ်သားသစ်စုဆောင်းရေးတပ်များတွင် စုဆောင်းရရှိသည့် တပ်သားသစ်များထဲမှ ငယ်ရွယ်မပျောက်သေးသူ၊ အသက်မပြည့်သေးသူဟု သံသယရှိသူများကို စိစစ်ရေးဘုတ်အဖွဲ့ဖြင့် စစ်ဆေးခြင်း၊ အရိုးဓာတ်မှန်ဖြင့် ရိုက်ကူး၍ စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ရာ အသက်မပြည့်၍ ပြန်လည်စေလွှတ်ပေးခဲ့သူ တပ်သားသစ်များရှိကြောင်း။

ထို့အပြင် ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော်၍ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ခဲ့ပါကြောင်း၊ ယင်းဆင့်ခေါ်ခဲ့သူများထဲမှ အသက်ငယ်ရွယ်ကြောင်း စိစစ်တွေ့ရှိသူများကိုလည်း ပြန်လည်စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း၊ အရွယ်မရောက်သေးသူများကို မှားယွင်းစုဆောင်းခဲ့သူ၊ မှားယွင်းဆင့်ခေါ်ခဲ့သူများကိုလည်း အရေးယူခြင်းများ ပြုလုပ်ခဲ့ပါကြောင်း။

တပ်မတော်အတွင်း အသက်မပြည့်စစ်သည်များ မှားယွင်းစုဆောင်းမှုမရှိစေရေးအတွက် အသိပညာပေးမှုအနေဖြင့် စစ်ဥပဒေချုပ်ရုံး၊ တိုင်းစစ်ဌာနချုပ်များမှ ဥပဒေဘာသာရပ်ဆိုင်ရာ အရာရှိကြီး/အရာရှိများက တပ်ရင်းတပ်ဖွဲ့များနှင့် တပ်မတော်သင်တန်းကျောင်းများရှိ တပ်မတော်သားများအား ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဩဂုတ်လအထိ စုစုပေါင်း အကြိမ် ၂၇၂၀ ဆွေးနွေးပို့ချနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများအား အကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။ ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး က တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းရန် ဝင်ရောက်ခြင်းမရှိစေရေးနှင့် မှားယွင်းစုဆောင်းမှုမျိုးမရှိစေရေး ကဏ္ဍအလိုက်တာဝန်ရှိသူများက စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်သွားစေလိုကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် China Harbour Engineering Company Ltd. နှင့် Yunnan Baoshan Hengyi Industrial Group Co.,Ltd တို့မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၅

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် China Harbour Engineering Company Ltd. ဒုတိယဥက္ကဋ္ဌ Mr. Xu Huajiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် Yunnan Baoshan Hengyi Industrial Group Co.,Ltd ဥက္ကဋ္ဌ Mr. Duan Zhikui ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

China Harbour Engineering Company Ltd. ဒုတိယဥက္ကဋ္ဌ နှင့်တွေ့ဆုံစဉ် မန္တလေးငလျင် ဒဏ်ကြောင့် ပျက်စီးသွားသည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံအစိုးရနှင့် အတူ China Harbour Engineering Company Ltd. က ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အပြန်အလှန်ဆွေးနွေး

Yunnan Baoshan Hengyi Industrial Group Co.,Ltd ဥက္ကဋ္ဌ နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် စွမ်းအင်လုပ်ငန်း၊ နိုင်ငံတကာ ကုန်ထုတ်လုပ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ရေရရှိရေးလုပ်ငန်း၊ ထောက်ပံ့ရေး ကွင်းဆက်နှင့် E-commerce လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ရေး ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှူးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကြံခင်းမြို့၌ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံ

ကြံခင်း စက်တင်ဘာ ၂၅

ကြံခင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး(HPV)နှင့် ဆုံဆို့မေးခိုင်ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် တစ်ပြိုင်တည်း ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ အပိုဆောင်း ကာကွယ်ဆေးထိုးနှံခြင်းကို စက်တင်ဘာ ၂၂ ရက် မှ ၂၅ ရက်ထိ ထိုးနှံပေးပြီး စက်တင်ဘာ ၂၄ ရက် ညနေပိုင်းအထိ အခြေခံပညာကျောင်း ၁၂ကျောင်းတွင်(HPV) သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေးအား ကျောင်းသူ ၅၁၉ ဦး၊ DT ဆုံဆို့ မေးခိုင် ကာကွယ်ဆေးထပ်ဆောင်း ကျောင်းသား ကျောင်းသူ ၁၀၅၀ ထိုးနှံပေးခဲ့ပြီး ကျန်ရှိအခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

မြိုးဝေလင်း(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် (ဒေါ)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းနေမှုအား ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၂၅

(ဒေါ)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၂၆၇ ဦးတို့က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထောက်ပံ့ပေးအပ်

ထိုသို့ စုပေါင်းသွေးလှူဒါန်းကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်နှင့်ဇနီး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့်ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင်နှင့် တာဝန်ရှိသူများ၊ ဧရယ္ယာသိရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး **(အပေါ်ပို့)** အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ကြသည်။

လှူဒါန်းငွေများပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးတို့က (ဒေါ)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့သို့ လှူဒါန်းငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

စုပေါင်းသွေးလှူဒါန်း

(ဒေါ) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်တွင်လည်း နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၂၀၈ ဦးတို့က ဆက်လက်စုပေါင်း သွေးလှူဒါန်းကြမည်ဖြစ်သဖြင့် စုစုပေါင်း တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၄၇၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းသွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစီးသောအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၅

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဧရာဝတီတိုင်းဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်း၊ ကော်မတီဝင်များနှင့် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မကြာမီကျင်းပတော့မည့် ပါတီနှံ့နီးမိုးကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံ အကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း မှန်ကန်စွာ ပြုစုနိုင်ရေးအတွက် အတည်ပြု လူဦးရေစာရင်းတိကျ မှန်ကန်ရေး ဆောင်ရွက်နေမှုနှင့် ဆက်စပ်ဌာနအချင်းချင်း ပေါင်းစပ်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲ မကျင်းပမီ ကြားကာလအတွင်း လူဦးရေ ပြောင်းလဲမှုဖြစ်စဉ်များ အပေါ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဧရာဝတီတိုင်းဒေသကြီး ၏ အတည်ပြုလူဦးရေစာရင်း၊ ပါတီအသီးသီးမှ ရွေးကောက်ပွဲဝင်ကြမည့် ကိုယ်စားလှယ်လောင်းများ စိစစ်ပြန်ကြားနိုင်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း မဲစာရင်းတွင်ပါရှိရေး၊ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီဝင်များနှင့် ဆက်စပ်ဌာနများ ပေါင်းစပ်ဆောင်ရွက်ပေးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် ပါရှိရေးနှင့် မဲပေးပိုင်ခွင့်မရှိသူများ မဲစာရင်းတွင် မပါဝင်ရေးအတွက် စနစ်တကျ စိစစ်ဆောင်ရွက်နေမှု၊ သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက မဲစာရင်း မှန်ကန်ရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်နေမှု၊ ဧရာဝတီတိုင်းဒေသကြီး အတွင်း မဲစာရင်း မှန်ကန်ရေး အတွက် လက်ရှိစိစစ်ဆောင်ရွက်နေမှုနှင့် ကိုယ်စားလှယ်လောင်းများ၏ အချက်အလက်များ စိစစ်ဆောင်ရွက်နေမှု၊ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် နိုင်ငံသား စိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အရှေ့တောင်အာရှနိုင်ငံများမှ သတင်းစာဆရာများ အိန္ဒိယနိုင်ငံ၌ ကြည့်ရှုလေ့လာ

အိန္ဒိယ စက်တင်ဘာ ၂၅

အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန၊ ပြည်ပရေးရာမူဝါဒနှင့် ပြည်သူ့ဆက်ဆံရေး သံတမန်ဌာန၊ ပြည်ပဘာသာစကားနှင့် မီဒီယာဌာနခွဲ Ministry of External Affairs, External Publicity and Public Diplomacy Division, External Language Media Section ၏ဖိတ်ကြားမှုဖြင့် အိန္ဒိယနိုင်ငံ၌ ရောက်ရှိနေသည့် အရှေ့တောင်အာရှနိုင်ငံများမှ သတင်းစာဆရာများသည် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အိန္ဒိယနိုင်ငံဖွံ့ဖြိုးပြီးနိုင်ငံများဆိုင်ရာ သတင်းအချက်အလက်နှင့် သုတေသနဌာန Research and Information System for Developing Countries (RIS) သို့လည်းကောင်း၊ ဘေးအန္တရာယ် ခံနိုင်ရည်ရှိသည့် အခြေခံ အဆောက်အအုံများ ဆိုင်ရာ မဟာမိတ်အဖွဲ့အစည်း Coalition for disaster resilient infrastructure (CDIR) သို့လည်းကောင်း၊ အိန္ဒိယစက်မှုလုပ်ငန်းများအဖွဲ့ချုပ် Confederation of Indian Industry (CII) သို့လည်းကောင်း သွားရောက်လေ့လာကြသည်။ **(အောက်ဝဲပုံ)**

အိန္ဒိယနိုင်ငံ ဖွံ့ဖြိုးပြီးနိုင်ငံများဆိုင်ရာ သတင်းအချက်အလက်နှင့် သုတေသနဌာန (RIS) ၌ တာဝန်ရှိသူများက RIS ၏ ရည်ရွယ်ချက်၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး သတင်းစာဆရာများက သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးသည်။

ဘေးအန္တရာယ် ခံနိုင်ရည်ရှိသည့် အခြေခံအဆောက်အအုံများဆိုင်ရာ မဟာမိတ်အဖွဲ့အစည်း (CDRI) ရုံးချုပ်၌ အဆိုပါအဖွဲ့အစည်းမှ တာဝန်ရှိသူများက အဖွဲ့အစည်း၏ နောက်ခံသမိုင်း၊ လက်ရှိ ဆောင်ရွက်ချက်များနှင့် အနာဂတ် ရည်မှန်းချက်များကို ရှင်းလင်းပြောကြားပြီး သတင်းစာဆရာများက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ အိန္ဒိယစက်မှုလုပ်ငန်းများအဖွဲ့ချုပ် (CII) ၌ CII မှ တာဝန်ရှိသူများက အဖွဲ့အစည်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲများ အပြီးတွင် နယူးဒေလီရှိဒေလီဟက် Dilli Haat ရိုးရာစျေးပွဲတော်သို့ သွားရောက်လည်ပတ်ကြသည်။ ဒေလီဟက် Dilli Haat ရိုးရာစျေးပွဲတော်သည် ၁၉၉၄ ခုနှစ် မတ်လတွင် ဒေလီခရီးသွားလာရေးဌာနနှင့် အခြားအဖွဲ့အစည်းများ စုစည်းကာ တည်ထောင်ထားသည့် အိန္ဒိယနိုင်ငံတစ်ဝန်းရှိ လက်မှုပစ္စည်းများ၊ အစားအစာများ၊ ယဉ်ကျေးမှုဓလေ့များကို တစ်နေ့ရာတည်းတွင် စုစည်းပြသထားသည့် နေရာဖြစ်ကာ အိန္ဒိယရိုးရာယဉ်ကျေးမှု ဆိုင်ရာ ပွဲလမ်းသဘင်များကို လည်း ကျင်းပလေ့ရှိသည့် နေရာဖြစ်ကြောင်း သိရသည်။

သတင်းစာ ဆရာများက မိသားစုပုံစံ အလည်အပတ်ခရီးစဉ် အတွက် အိန္ဒိယနိုင်ငံသို့ စက်တင်ဘာ ၂၃ ရက်က ရောက်ရှိပြီး အောက်တိုဘာ ၂ ရက်အထိ လေ့လာရေးနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်သို့ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်ဒစ်ဂျစ်တယ် မီဒီယာများမှ အယ်ဒီတာများနှင့် သတင်းထောက် စုစုပေါင်း ၂၅ ဦး လိုက်ပါသွားကြောင်း သိရသည်။

ASH

(၁၅)ကြိမ်မြောက် တရုတ်-အာဆီယံရှေ့နေချုပ်များ ညီလာခံသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၅

(၁၅)ကြိမ်မြောက် တရုတ် - အာဆီယံရှေ့နေချုပ်များ ညီလာခံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၌ စက်တင်ဘာ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပရာ အဆိုပါ ညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ် H.E. Mr. Ying Yong နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ် H.E. Mr. Paul T K Lam တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ **(အပေါ်ယာပုံ)**

အဆိုပါညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ်၊ အာဆီယံ (၁၀)နိုင်ငံမှ ရှေ့နေချုပ်များ၊ တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ်နှင့် မကာအို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ်တို့ တက်ရောက်ကြသည်။

(၁၅)ကြိမ်မြောက် တရုတ် - အာဆီယံရှေ့နေချုပ်များ ညီလာခံကို "**နှည်းပညာခေတ်တွင် ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှုများ**ကို တိုက်ဖျက်ခြင်းနှင့် ပိုင်ဆိုင်မှုပစ္စည်းများကို ပြန်လည်ရယူခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးက တရုတ် - အာဆီယံရှေ့နေချုပ်များညီလာခံသည် ၂၀၀၄ ခုနှစ်တွင်စတင်ခဲ့ပြီး နှစ်ပေါင်း ၂၀ ရှိပြီဖြစ်ပါကြောင်း၊ ဤညီလာခံသည် နိုင်ငံတကာ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် နိုင်ငံဖြတ်ကျော်ပြီး ကျူးလွန်သော ပြစ်မှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရန်အတွက် အရေးပါသော ပလက်ဖောင်းတစ်ခုဖြစ်ပါကြောင်း၊ ညီလာခံခေါင်းစဉ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတွင်သာမက တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဥပဒေရေးရာပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါကြောင်း၊ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို အတည်ပြုချမှတ်နိုင်ခြင်းသည် အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းရန် ပြီးပြည့်စုံသောချဉ်းကပ်မှုတစ်ခု ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သော ငွေကြေးခဝါချမှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တို့အား တိုက်ဖျက်နိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့် လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) ကို ချမှတ်၍ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများနှင့် ဆက်နွယ်သည့် သတင်း အချက်အလက်များကို စုံစမ်းထောက်လှမ်းရန်ပြည်ထဲရေး ဝန်ကြီးဌာန လက်အောက်၌ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit – FIU) ကိုလည်း ဖွဲ့စည်းထားရှိပါကြောင်း။

မြန်မာနိုင်ငံသည် အထူးသဖြင့် တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်၍ နိုင်ငံဖြတ်ကျော် ငွေကြေးဆိုင်ရာပြစ်မှုများ အွန်လိုင်းအသုံးပြု လိမ်လည်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် တရုတ်၊ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှုများနှင့် တယ်လီကွန်း လိမ်လည်မှုများ ကဲ့သို့သော နယ်စပ်ဖြတ်ကျော် ငွေကြေးဆိုင်ရာ ရာဇဝတ်မှုခင်းများကိုလည်း ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ အနေဖြင့် အာဆီယံတရားခံ လွှဲပြောင်းရေး စာချုပ် (AET)နှင့် အာဆီယံရာဇဝတ်မှု တရားစီရင်ရေးနှင့်ရာဇဝတ်မှုများ တိုက်ဖျက်ရေးဆိုင်ရာညီလာခံ (ACCPCJ)တို့ ကဲ့သို့သော ASLOM ၏ ပဏာမခြေလှမ်းများကို အကောင်အထည်ဖော်ရာတွင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ညီလာခံသို့ တက်ရောက်လာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ်၊ ၂၀၂၃ ခုနှစ်တွင် တရုတ်၊ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှုများနှင့် တယ်လီကွန်း လိမ်လည်မှုများ ကဲ့သို့သော နယ်စပ်ဖြတ်ကျော် ငွေကြေးဆိုင်ရာ ရာဇဝတ်မှုခင်းများကိုလည်း ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ အနေဖြင့် အာဆီယံတရားခံ လွှဲပြောင်းရေး စာချုပ် (AET)နှင့် အာဆီယံရာဇဝတ်မှု တရားစီရင်ရေးနှင့်ရာဇဝတ်မှုများ တိုက်ဖျက်ရေးဆိုင်ရာညီလာခံ (ACCPCJ)တို့ ကဲ့သို့သော ASLOM ၏ ပဏာမခြေလှမ်းများကို အကောင်အထည်ဖော်ရာတွင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ညီလာခံသို့ တက်ရောက်လာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ်၊ အာဆီယံ (၁၀)နိုင်ငံမှ ရှေ့နေချုပ်များ၊ တရုတ်နိုင်ငံ ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ်နှင့် မကာအို အထူးကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ်တို့က (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံရှေ့နေချုပ်များ ညီလာခံ၏ ပူးတွဲကြေညာချက် (JOINT DECLARATION OF THE 15th CHINA–ASEAN PROSECUTORS–GENERAL CONFERENCE)ကို လက်မှတ်ရေးထိုးကြသည်။

ညီလာခံ ကျင်းပစဉ်အတွင်း ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ ဥပဒေရေးရာ ဝန်ကြီးဌာနတို့ အကြား ကျင်းပသည့် နှစ်နိုင်ငံ အစည်းအဝေး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ် H.E. Mr. Ying Yong နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံရှေ့နေချုပ်များ ညီလာခံ၏ ပူးတွဲကြေညာချက်အား လက်မှတ်ရေးထိုးခြင်းအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး တို့တွင် နည်းပညာအသုံးပြုမှု တိုးတက်အောင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိစေနိုင်ခြင်း၊ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများရှိ ရှေ့နေချုပ်ရုံးများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ခြင်း၊ တရုတ်နိုင်ငံနှင့် လည်း ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုမြှင့်တင်နိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မုံရွာမြို့၌ (၁၉) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

မုံရွာ စက်တင်ဘာ ၂၅

(၁၉) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဝင်းဗိုလ်က ယခုနှစ် (၁၉) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့တွင် ခွေးရူးရောဂါကင်းစင်ရေး မနေ့အမြန်လက်တွဲပေး ဆောင်ပုဒ်နှင့်အညီ အားလုံးပိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး မုံရွာခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဥမ္မာအေးက ခွေးရူးရောဂါအကြောင်း၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအိအိ အောင်က ခွေးရူးရောဂါအန္တရာယ် အကြောင်းကို ပြောကြားသည်။

ထို့နောက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ဝန်ထမ်းအိမ်ရာ၌ ခွေးနှင့်ကြောင်များကို ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

မြန်မာ့ဂီတ ထာဝရတည်တံ့စေ

(တျာချင်း)

- ဂီတစွမ်းအား ကြီးမားပါစေ
  မြန်ပြည်တစ်လျှောက် ထွန်းပေါက်အခြေအနေ
  ကြိုးစားကာလေ ဒို့တစ်တွေများ
  ကမ္ဘာသိအောင် ဒို့ကြီဆောင်
  ဂုဏ်ရောင်ထင်ရှားသည်နှင့်လေး။
- ဂီတသမားများ လိုက်စားကြပေ
  တူရိယာငါးပါး ရှိထားမြတ်အမွေ
  ပြည့်စုံစွာလေ ကျွမ်းပေအမျှား
  တိုင်းတစ်ပါးနှင့်ယှဉ် ဒို့ပြည်တွင်
  သံစဉ်တေးသွားများသည်နှင့်လေး။
- လေ့လာလိုက်စား ကြိုးစားလို့ပင်
  ဆိုကရေးတီး ပြည်ကြီးမြတ်ဂုဏ်အင်
  တီးမှုတ်ခြင်းတွင် ပျော်ရွှင်ကြည်နူး
  ပြိုင်ပွဲကြီးတွင် ထာဝစဉ်
  ပျော်ရွှင်တွေ့ကြုံထူးသည်နှင့်လေး။
- ကကြိုးစုံမြူး သီကျူးထံတျာ
  ခေါင်းခါးကိုယ်လက် မပျက်စေရာ
  ရှေးအစဉ်အလာ မဟာဂီတ
  တကယ့်ကဟန် မြင်ရပြန်
  ဇကန်ပျော့ပျောင်းလှသည်နှင့်လေး။
- ပြိုင်ပွဲဝင်ကြ ဂီတဂုဏ်ဖော်
  မြန်မာ့အလှ ပြကြအချိန်နော်
  ပေါင်းစုညီသော် ပြီးပျော်ကြည်မြ
  ဂီတနှင့်ပြိုင် လွန်မြိုင်ဆိုင်
  ပန်းတိုင်မျှော်မှန်းကြသည်နှင့်လေး။
- ဂီတသံမှာ လွန်သာယာ ပြည်ရှာချမ်းမြသည်။
- မြန်မာ့ရိုးရာ သည်ချိန်ခါ လွန်စွာလန်းလှသည်။

ဘိုမျိုး(ရွှေတို)

(၂၆) ကြိမ်မြောက်ရိုးရာဂီတပြိုင်ပွဲကြီးအားကြိုဆိုရေးဖွဲ့ပါသည်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များလေ့ကျင့်နေမှု ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၂၅

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်၌ စခန်းဝင် လေ့ကျင့်လျက်ရှိသည့် ပိုက်ကျော်ခြင်း အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများအတူ သွားရောက်ကြည့်ရှုအားပေးသည်။

ကြိုးစားလေ့ကျင့်ကြရန်လို

ဦးစွာ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ (အမျိုးသား/အမျိုးသမီး) ပိုက်ကျော်ခြင်း နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲ အသင်းလိုက် လေ့ကျင့်နေမှုနှင့် ကွင်းသွင်းခြင်းခတ်အားကစားသမားများ၏ အရှိန်အဟုန်မပြတ် ကြိုးစား လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ အနေဖြင့် လေ့ကျင့်မှုပြုလုပ်ရာတွင် ထိခိုက်ဒဏ်ရာမရရှိအောင် ဂရုစိုက်လေ့ကျင့်ရန်လိုကြောင်း၊ မိမိတို့လေ့ကျင့်ထားသည့်အတိုင်း ပြိုင်ပွဲတွင် အကျိုးရှိရှိ ပြန်လည်အသုံးချ၍ ယှဉ်ပြိုင်နိုင်စေရန်အတွက် ယခုအချိန်ကတည်းက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးစား လေ့ကျင့်ကြရန် လိုကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ (A/B/C)ရုံများ၏ အတွင်းအဆောက်အအုံပိုင်းနှင့် ရေလိုင်း၊ မီးလိုင်းပြန်လည်ပြုပြင်

နေသည့်အခြေအနေကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကယားတိုင်းရင်းသားတို့၏ ရိုးရာစုပေါင်းအဲဒိုပေါမီ (ခေါ်) ဒီးကူပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

လွိုင်ကော် စက်တင်ဘာ ၂၅

ကယားတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များအနက် အဲဒိုပေါမီ (ခေါ်) ဒီးကူပွဲတော်သည် ထင်ရှားသည့်ပွဲတော်တစ်ခုဖြစ်ပြီးနှစ်စဉ် တောသလင်းလနှင့် သီတင်းကျွတ်လများတွင် ပွဲတော်နေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ၂၀၂၅ ခုနှစ်အတွက် ရိုးရာအဲဒိုပေါမီ(ခေါ်) ဒီးကူပွဲတော်ကို ယနေ့နံနက်က လွိုင်ကော်မြို့ ပြည်နယ်ခန်းမနှင့် ကန္ဒာဟေဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကျင်းပသည်။

ဦးစွာ ရိုးရာစုပေါင်း အဲဒိုပေါမီ (ခေါ်) ဒီးကူပွဲတော်မှခ်ဦးကို ပြည်နယ်ဝန်ကြီးချုပ် ဦးဧော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူးနှင့် ကယားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးမီရယ်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ဝဲပုံ) ကယားတိုင်းရင်းသူလေးများက "အဲဒိုပေါမီ ပွဲတော်ဆီသို့" အကဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကယားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးမီရယ်မြင့်က ကယားတိုင်းရင်းသားတို့၏ ရိုးရာစုပေါင်း အဲဒိုပေါမီ (ခေါ်) ဒီးကူပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သတ္တပလူ ကျေးရွာ ရိုးရာယဉ်ကျေးမှုအက အဖွဲ့၏ "ရိုးရာခေါ်မည် အဲဒိုပေါမီ" သီချင်းဖြင့် သရုပ်ဖော်ကပြဖျော်ဖြေမှု၊ ကယန်းယဉ်ကျေးမှုအဖွဲ့၏ "တောင်ပေါ်မြေက တို့ကယန်းအက" သီချင်းဖြင့် ကပြဖျော်ဖြေမှု၊ မထောသူကျေးရွာ ယဉ်ကျေးမှုအဖွဲ့၏ ရိုးရာတူရိယာ တီးခတ်၍ ကပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်က ကယားတိုင်းရင်းသားတို့၏ ရိုးရာစုပေါင်းအဲဒိုပေါမီ (ခေါ်) ဒီးကူပွဲတော်အခမ်းအနားအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ကယားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးမီရယ်မြင့်ကလည်း ကောင်း၊ သတ္တပလူရိုးရာအက အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ရာ အကအဖွဲ့ကိုယ်စား လှယ်များက လည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာများမှ တိုင်းရင်းသားပြည်သူများနှင့်အတူ ကန္ဒာဟေဝန်ပန်းခြံကျောက်သားရင်ပြင်၌ ကယားတိုင်းရင်းသားတို့၏ ဒီးကူကောက်ညှင်းထုပ်၊ ခေါင်ရည်၊ ကယားဝက်အူချောင်း၊ ကယားရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံသော ရိုးရာစုပေါင်း အဲဒိုပေါမီ (ခေါ်) ဒီးကူပွဲတော် မိတ်ဆုံစားပွဲသို့ တက်ရောက်ကြသည်။

ပြည်နယ်(ပြန်/ဆက်)

အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာတွင် အသုံးပြုသည့် စက်လေ့များ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

❊ *ကျောဖုံးမှ*

လိဂ်ဝမ်းတွင် ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသော ပေါ်သ်ဗေးလ်အသင်းသည် ယခုပွဲစဉ်တွင်လည်း အာဆင်နယ်အသင်းကို ခြေရည်တူကစားထားနိုင်ခြင်းမရှိဘဲ ပွဲချိန်တစ်လျှောက်တွင် ပြိုင်ဘက်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရသည်။

အာဆင်နယ်အသင်းအတွက် အဖွင့်ဂိုးကို ပွဲကစားချိန် ၈ မိနစ်တွင် အီဇီက သွင်းယူပေးခဲ့သည်။ သွင်းဂိုးခွင့်ပြုပေးလိုက်ရသော်လည်း ပေါ်သ်ဗေးလ်အသင်း၏ ကစားအားတက်လာခြင်းမရှိဘဲ အာဆင်နယ်အသင်း၏ ဖိအားပေးမှုအောက် ပုံစံကောင်း ဆက်လက်ပျောက်ဆုံးခဲ့သည်။ အာဆင်နယ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် ထရိုဆတ်က သွင်းယူပေးခဲ့သည်။ အီးအက်ဖ်အယ်ဖလား တတိယအဆင့်မှ အခြားပွဲစဉ်ရလဒ်များတွင် မန်စီးတီးက ဟတ်ဒါဒီးလ်ကို နှစ်ဂိုး-ဂိုးမရှိ၊ နယူးကာဆယ်ကဘရတ်ဖို့ဒ်ကို လေးဂိုး-တစ်ဂိုး၊ စပါးက ဒွန်ကတ်စတာကို သုံးဂိုး-ဂိုးမရှိဖြင့် အသီးသီးနိုင်ပွဲကိုယ်စီရရှိခဲ့သည်။

အောင်ဧော်

ဒကွိုဏာသီရိမြို့နယ် ရွာမကျေးရွာအုပ်စု မြောက်ကျောင်းစုခမ္မာရုံ၌ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တစ်နှစ်သုံးသီးစား သီးနှံစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင် ဦးဆောင်သည့် ပညာရှင်အဖွဲ့က နည်းပညာပေးဆွေးနွေးခြင်းများ ကွင်းဆင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

ဗျော်ဘွယ်မြို့နယ်၌ စက်တင်ဘာ ၂၃ ရက်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျော်၇၉ ဒသမ ၂၁ သန်းဖြင့် ပ့ဲကန်(မ)ကျေးရွာနှင့်ကိုင်းရွာ ရွာချင်းဆက်လမ်းပေါ်တွင် ကွန်ကရစ်ရေကျော်တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးလှခိုင်နှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး အချိန်မီပြီးစီးရေး မှာကြားစဉ်။

မြို့နယ်(ပြန်/ဆက်)

❍ *ကျောဖုံးမှ*

ကျော်စိုးမင်းအား ဒလမြို့နယ် သမ္မတကမ်းခြေရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့မွန်းလွဲပိုင်းတွင် ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ခိုင်းသူ ကျော်သိန်းဦး(၁)ကျော်ကြီးကို ပုဇွန်တောင်မြို့နယ်တွင်လည်းကောင်း၊ ဧော်မင်းနိုင်(၁) ဧော်မင်းလတ် အား ရန်ကင်းမြို့နယ်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အိုက်စ်(မက်သ်အဖက်တမင်း)များအား ကွမ်းခြံကုန်းမြို့နယ် ရန်ကုန်မြစ် မြက်စိမ်းကျွန်းသို့ သဲစုပ်စက်လေ့ဖြင့် ပို့ဆောင်ပေးခဲ့သူ မျိုးနိုင် (၁)အကြီးကောင်အား ဒဂုံဆိပ်ကမ်းမြို့နယ်တွင် စက်လေ့တစ်စင်းနှင့် ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်အရ ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါး အိုက်စ်(မက်သ်အဖက်တမင်း)များအား သယ်ဆောင်ခိုင်းသူမှာ ကိုထွန်း(၁)အောင်ကျော်စွာမြင့်(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ရန်ကုန်မြို့ မြက်စိမ်းကျွန်းမှတစ်ဆင့် ပင်လယ်ဝသို့ စက်လေ့ဖြင့် ဆက်လက်ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

တောင်ကြီး စက်တင်ဘာ ၂၅
မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာနညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တောင်ကြီးမြို့ရှိတိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်တွင် ဆန်းသစ်တီထွင် ဖန်တီးမှုများနှင့် ယှဉ်ပြိုင်မှုမြင့်မားသည့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတော်၏ တန်ဖိုးမြင့်ထုတ်ကုန်များကို နိုင်ငံတကာ ဈေးကွက်များသို့ ရောက်ရှိစေရန်၊ ကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာပေအနုပညာဖန်တီးမှုများ အဆင့်အတန်းမြင့်မားလာစေရန်အတွက် မူပိုင်ခွင့်စနစ်ကို အားပေးမြှင့်တင်ပြီး ကျင့်သုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဟောပြောပွဲမှ ရရှိလာသည့် အသိပညာဗဟုသုတများကို ထပ်ဆင့်ပြန်လည် မျှဝေသွားကြရန်နှင့် မိမိအတွက်၊ မိမိအဖွဲ့အစည်းအတွက် အကျိုးရှိရှိပြန်လည်အသုံးချသွားရန် ဆွေးနွေးပြောကြားသည်။ (ယာပုံ)

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနွယ်ရီဝင်းက မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် တောင်ကြီးမြို့ဂနိုင်ကန်သာယာသွားသည့်လမ်းအဆင့်မြှင့်တင် ဆောင်ရွက်နေမှု

ရေစီးရေလာ ကောင်းမွန်စေရန် ပလက်ဖောင်းနှင့် ရေနုတ်မြောင်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရုံးကြီးလမ်း နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း လုည့်လည်ကြည့်ရှုပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မောင်မောင်သန်း(တောင်ကြီး)

လင်းခေးခရိုင်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၅
ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးသည် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက လင်းခေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လင်းခေးခရိုင် လင်းခေးမြို့နယ်နှင့် မောက်မယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က လင်းခေးခရိုင်အတွင်း လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်ရမည့် ရွေးကောက်ပွဲ ဆိုင်ရာ လုပ်ငန်းစဉ်များကို တာဝန်ယူ ဆောင်ရွက်ရမည့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များကို သင်တန်းပေး လေ့ကျင့်ခြင်းနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်း ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။ (အပေါ်ပုံ)

ညနေပိုင်းတွင် မိုင်းပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မိုင်းပန်မြို့နယ်အတွင်း အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ **သတင်းစဉ်**

ကျောင်းကုန်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

ကျောင်းကုန်း စက်တင်ဘာ ၂၅
ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်းသည် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယနေ့မွန်းလွဲပိုင်းက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။ **(အောက်ပုံ)**

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက်ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်၊ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရှေ့ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများ အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုဦးက လိုအပ်သည်များ ဖြည့်စွက်တင်ပြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်နိုင်ဦးက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

ဝင်းကြိုင်(ပြန်/ဆက်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

မြန်မာ–တရုတ်ချစ်ကြည်ရေးအစီအစဉ်အရ Bowen တရုတ်ပညာရေး စာသင်ကျောင်း၌ တရုတ်ရိုးရာလမုန့် ယဉ်ကျေးမှုပွဲတော်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅
မြန်မာ–တရုတ် ချစ်ကြည်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ရန်ကုန်မြို့တွင် ဖွင့်လှစ်သော Bowen တရုတ်စာသင်ကျောင်း၌ တရုတ်ရိုးရာယဉ်ကျေးမှုတစ်ရပ် ဖြစ်သော ဆောင်းဦးပေါက်ရာသီ လမုန့်ပွဲတော်ကို စက်တင်ဘာ ၂၅ ရက် ညနေပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းပညာရေး အုပ်ချုပ်ရေးတာဝန်ခံ ဦးမင်းခန့်နှင့် ကျောင်းအုပ်ဆရာမကြီး Ms. Kang Yong တို့က ကျောင်းသူ ကျောင်းသားများ အား ရိုးရာလမုန့်ပွဲတော် တရုတ်ယဉ်ကျေးမှုအကြောင်းနှင့် မြန်မာတို့၏ ထမနဲယဉ်ကျေးမှုပွဲတော်ကဲ့သို့ မြန်မာ–တရုတ်တို့၏ တူညီသော ယဉ်ကျေးမှု၊ အစဉ်အလာ ကြီးမားခဲ့သော ချစ်ကြည်ရေး သမိုင်းကြောင်းများ ရှင်းလင်းပြောကြားသည်။ မြန်မာ–တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့တို့ကလည်း ကျောင်းသားမျိုးဆက်သစ်လူငယ်များနှင့် ရင်းနှီးပျော်ရွှင်စွာ နှုတ်ဆက်၍ လမုန့်ပွဲတော်အား ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါ Bowen ပညာရေး အထောက်အကူပြု အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် ၂၀၁၆ ခုနှစ်ကပင် စတင်တည်ထောင်ခဲ့ပြီး ဗဟန်း၊ ကမာရွတ်နှင့် နေပြည်တော်တို့တွင် Campus လေးခု၊ အတန်း ၅၇ တန်း၊ ကျောင်းသား စုစုပေါင်း ၁၄၀၀ ကျော် တက်ရောက်လျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ လန်ချန်း–မဲခေါင်ဒေသ၊ စက်မှုအသက်မွေးပညာဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် တာဝန်ယူအကောင်အထည်ဖော်ရန် လက်မှတ်ထိုးစာချုပ်ထားသော အဖွဲ့တစ်ခုဖြစ်ကြောင်းနှင့် အင်းစိန်ရွာမ အစိုးရနည်းပညာ အထက်တန်းကျောင်းနှင့် ပူးပေါင်း၍ အဆင့်မြှင့်တင်ရေး၊ လိုအပ်သော အခြေခံအဆောက်အအုံများ ပံ့ပိုးလှူဒါန်းရေး၊ လက်တွေ့ကျသော အသက်မွေးဝမ်းကျောင်း နည်းပညာများ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရေး စသည်တို့အတွက် ကမ်းလှမ်းပြင်ဆင်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၅

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိကြသူများကို ယနေ့တွင် ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်သည်။

အဆိုပါဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ

အဆင့်မြင့်ပညာအဆင့် ဆရာ၊ ဆရာမများ

ခေါင်းစဉ် - "ဆရာတို့လျှောက်သောလမ်း"

ပထမ - ဦးရဲမင်းထက်(ရဲမင်းထက်၊မြန်မာစာ)၊ နည်းပြ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

ဒုတိယ - ဒေါ်လှဲ့လှဲ့ဝင်း(လှဲ့လှဲ့-ကသာ)၊ နည်းပြ၊ ကသာပညာရေးဒီဂရီကောလိပ်၊ ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

တတိယ - ဒေါ်ဇင်မာအောင်(ဇင်)၊ လက်ထောက်ကထိက၊ ကသာပညာရေးဒီဂရီကောလိပ်၊ ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးနှင့်အထက် အရာထမ်းများအဆင့်

ခေါင်းစဉ် - "တပည့်တို့အတွက် စေတနာဆရာ"

ပထမ - ဒေါက်တာနန်းအိမြိုးမွန်၊လက်ထောက်ညွှန်ကြားရေးမှူး၊ ပညာဌာန၊ နေပြည်တော်ပညာရေးမှူးရုံး၊ နေပြည်တော်

ဒုတိယ - ဒေါ်သန်းသန်းဦး(အသန်းလေး)၊ အလယ်တန်းကျောင်းအုပ်၊ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၊ ထ(ခွဲ)၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

တတိယ - ဦးညွှန့်ဝင်း(ညွှန့်ဝင်း-နတ်တလင်း)၊ အလယ်တန်းကျောင်းအုပ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကျောက်ခွက်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

အခြေခံပညာအထက်တန်းဆင့်သင်ဆရာ၊ဆရာမများအဆင့်

ခေါင်းစဉ် - "ဆရာဘဝ၏ အနှစ်သာရ"

ပထမ - ဒေါ်လေးလေးနွယ်(မလေး-ပညာရေး)၊ အထက်တန်းပြ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - ဒေါ်အိအိခင်(အိခက်ခက်ဖူး)၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ တောင်မန်း၊ မင်းဘူး(စက္ခု)မြို့၊ မကွေးတိုင်းဒေသကြီး

တတိယ - ဒေါ်ခေါ်ဇာဗွန်(သဇင်)၊ အထက်တန်းပြ၊အခြေခံပညာအထက်တန်းကျောင်း၊ မလွန်၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး

အခြေခံပညာအလယ်တန်းဆင့်နှင့် မူလတန်းဆင့်သင်ဆရာ၊ ဆရာမများအဆင့်

ခေါင်းစဉ် - "ဆရာဘဝ၏ အနှစ်သာရ"

ပထမ - ဒေါ်သော်ဇင်ချမ်းမြေသူ(အလင်းနတ်သမီး-ဘိုကလေး)၊ ဒုတိယမူလတန်းပြ၊ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - ဒေါ်နှင်းဝါထွန်း(စနိုး)၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း မလွန်၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး

တတိယ - ဦးကောင်းမြတ်သူ၊ လက်ထောက်မူလတန်းပြ၊ အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံအဆင့်

ခေါင်းစဉ် - "ခံယူထိုက်စေ ဆရာ့အမွေ"

ပထမ - မဗူးဖူးဝေ၊ စတုတ္ထနှစ်-ပထမနှစ်ဝက်၊ တောင်ငူပညာရေးဒီဂရီကောလိပ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - မအေးအေးအောင်၊ ဒုတိယနှစ်-ဒုတိယနှစ်ဝက်၊ မုံရွာပညာရေးဒီဂရီကောလိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး

တတိယ - မောင်ထက်ဝေယံ၊ စတုတ္ထနှစ်-ပထမနှစ်ဝက်၊ မန္တလေးပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

အခြေခံပညာအထက်တန်းအဆင့်

ခေါင်းစဉ် - "ဆရာ့ ဂုဏ်ရည်"

ပထမ - မောင်ဇင်နန္ဒ၊ Grade-11 ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မြဝတီမြို့၊ ကရင်ပြည်နယ်

ဒုတိယ - မဆုမြတ်ရတနာ၊ Grade-11 ၊ အခြေခံပညာအထက်တန်းကျောင်း၊ မြို့မ၊ ဧီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

တတိယ - မောင်သော်လင်းရောင်၊ Grade-11၊ AETSC ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရပ်စောက်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

အခြေခံပညာအလယ်တန်းအဆင့်

ခေါင်းစဉ် - "မြတ်ဆရာ"

ပထမ - မယုယုငယ်၊ Grade-9 ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ နောင်စွန်း၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်

ဒုတိယ - မဝသုန်ဝိုးစက်၊ Grade-6 ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မြဝတီမြို့၊ ကရင်ပြည်နယ်

တတိယ - မဟေသီသန့်၊ Grade-7၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အိုးဘိုတောင်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲ

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊သိပ္ပံအဆင့်

ခေါင်းစဉ် - " ဆရာသခင် ကျေးဇူးရှင်"

ပထမ - မောင်စိုင်းရန်လင်းထွန်း၊ တတိယနှစ်-ဒုတိယနှစ်ဝက်၊ ထားဝယ်ပညာရေးဒီဂရီကောလိပ်၊ တနင်္သာရီတိုင်းဒေသကြီး

ဒုတိယ - မောင်ဇင်မင်းထွဋ်၊ စတုတ္ထနှစ်-ဒုတိယနှစ်ဝက်၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

တတိယ - မောင်စိုးမင်းနိုင်၊ တတိယနှစ်-ဒုတိယနှစ်ဝက်၊ ဘားအံပညာရေးဒီဂရီကောလိပ်၊ ကရင်ပြည်နယ်

အခြေခံပညာအထက်တန်းအဆင့်

ခေါင်းစဉ် - "ပညာပြည့်ဝ နုလုံးလှ"

ပထမ - မောင်လင်းမြတ်ဖုန်း၊ Grade -10၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ဒုတိယ - မရှင်းသန့်ဖြူ Grade-10၊ အခြေခံပညာအထက်တန်းကျောင်း၊ ရွာထောင်၊ အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး

တတိယ - မဆုမြတ်ရတနာ၊ Grade-11 ၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

အခြေခံပညာအလယ်တန်းအဆင့်

ခေါင်းစဉ် - "ထာဝရ အလင်းရှင်"

ပထမ - မောင်ဘုန်းမင်းခန့်၊Grade-6၊အခြေခံပညာအထက်တန်းကျောင်း၊ ရွှေဥသြ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

ဒုတိယ - မရွှေလွှာအိမ်၊ Grade-9 ၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ လွှင်ငင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

တတိယ - မောင်လှဝင်း၊ Grade -9 ၊ အခြေခံပညာအထက်တန်းကျောင်း၊ ဖလေး၊ကဝမြို့နယ်၊ပဲခူးတိုင်းဒေသကြီး(အရှေ့)

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာလ ၃ ရက် (သောကြာနေ့) ညနေထက် နောက်မကျဘဲ မန္တလေးမြို့၊ မန္တလေးပညာရေးဒီဂရီကောလိပ်တွင်တည်းခိုနိုင်ရန်အတွက် ဒေါ်တင်မာလွင်၊ ပါမောက္ခ၊ မန္တလေးပညာရေးဒီဂရီကောလိပ် (ဖုန်း-၀၉-၄၀၂၆ဖ၉၀၁၇၂၊ ၀၉-၇၈၁ဖ၆ဂ၀၈၅) နှင့် ဦးသူရိန်စိုး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊(ဖုန်း-၀၉-၄၀၂၅၃၃၁၄၃) ထံဆုရရှိသူ(+၁)သာ ရောက်ရှိ(မပျက်မကွက်) သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **သတင်းစဉ်**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ငဲမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၃ ရက်တွင် လယ်ကျိုးကျေးရွာရှိ ပြည်သူများအား သောက်သုံးရေများ သွားရောက်လှူဒါန်းစဉ်။ ခန့်ဝင်း(ဆင်ပေါင်ငဲ)

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၇-၉-၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ်(၃၉) တွင် ဖခင်သိကြားမင်း၏ ဆိုဆုံးမမှုကြောင့် သားဣလျှိသားသူဌေးသည် သံဝေဂရကာ ဒါနနှင့် သီလတို့ကို ပြုလုပ်ထားသည့်အကြောင်းကို သရုပ်ဖော်ထားသည့် "နှမြောတွန့်တိုသူ" မျက်နှာဖုံးဇာတ်လမ်း၊ နေအကြောင်းနှင့် ပတ်သက်၍ ဗဟုသုတဖြစ်စေမည့် အကြောင်းအရာများကို ရေးသားထားသည့် "နေနှင့် ကမ္ဘာတို့၏အနာဂတ်" သုတကဏ္ဍ၊ ကလေးတို့စိတ်ကြိုက်အရောင်လေးများ ခြယ်သနိုင်မည့် "ဆေးရောင်လှလှခြယ်ကြရအောင်" ဥာဏ်စမ်းကဏ္ဍ၊ ခင်ခင်ပြုံးနှင့် သူငယ်ချင်းများက နာမည်၏နောက်တွင် အဖေနာမည်ထည့်ကြသည့် အကြောင်းကိုဦးတိုးအားမေးမြန်းထားသည်ကို သရုပ်ဖော်ထားသည့် "ဂန္ဓဝင်ခင်ခင်ပြုံးနှင့် အပေါင်းအသင်းများ" နှစ်မျက်နှာကာတွန်း၊ ဆရာကြီး၏ဆိုဆုံးမမှုကြောင့် သူတို့အပြစ်ကို ဝန်ခံကာ အမြင်မှန်ရသွားသည့် ကျောင်းသားများအကြောင်း ရေးသားထားသည့် "တပည့်မကောင်း ဆရာ့ခေါင်း" ဝတ္ထုကဏ္ဍ၊ ဂျာရစ်စီးသော စကိတ်မှာ ၄က်ဗျောခွံစကိတ် ဖြစ်သွားသည့်အကြောင်း သရုပ်ဖော်ထားသည့်"ဂျာရစ်" တစ်မျက်နှာကာတွန်း၊ အင်္ဂလိပ်စကားပြောဆိုရာတွင် သဘာဝကျနစ္စာ ပြောဆိုလေ့လာနိုင်မည့် "အခြေခံလိုအပ်သည့် အီဒီယမ်" ကဏ္ဍ၊ ကျီးနှစ်ကောင်၏ အစာရှာမှုကွာခြားပုံကို သရုပ်ဖော်ထားသည့် "တောကျီးနှင့် မြို့ကျီး" နှစ်မျက်နှာကာတွန်း။ သားဖြစ်သူမှာ အရာဝတ္ထုများကို အမှန်သေးသေးလေးများနှင့် ဖွဲ့စည်းထားသည်ကို သိရှိသွားသည့်အကြောင်း အမေ

ကို ပြောပြထားသည်ကို သရုပ်ဖော်ထားသည့် "သိပုံက" မျက်နှာဝက် ကာတွန်းကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီး ဖြစ်ရာ တစ်စောင်လျှင် ၄၇ကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဒုတိယဆုရဆောင်းပါး

ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်စို့

Tourism and Sustainable Transformation

မောင်မောင်ထွန်း
(ပန်းပျိုးအိမ်)

လူတို့သည် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ တစ်နေရာမှတစ်နေရာသို့ ခရီးလှည့်လည်သွားလာကြသည်။ ထိုသို့ ခရီးသွားလာကြရာတွင် ခေတ်အဆက်ဆက် ခရီးသွားလာမှုပုံစံများ ပြောင်းလဲလာပြီး ခရီးသွားလုပ်ငန်းသည်လည်း ကြီးမားကျယ်ပြန့်လာသည်။ ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး စီးပွားရေးလုပ်ငန်းများအနက် တစ်ခုအပါအဝင် ဖြစ်သကဲ့သို့ လူတို့၏ လူမှုစီးပွားရေးဘဝများ တိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုလျက်ရှိနေသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်-ကျွန်းစု ခရီးသွားဒေသသို့ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နေမှုကို တွေ့ရစဉ်။

နိုင်ငံတစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအပြင် ၎င်းတိုးတက်ရေးကို ရေရှည်စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းထားနိုင်စေရေးအတွက် ယင်းနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် လူမှုဖူလုံရေးတို့အကြား ဟန်ချက်ညီသော ဗျူဟာမြောက်လုပ်ဆောင်ချက်များ ဖြစ်စေရန်မှာလည်း အဓိကကျလှပေသည်။

ရေရှည်အစီအမံများ ချမှတ်

ကမ္ဘာကြီးသည် အပြန်အလှန်ချိတ်ဆက်မှုရှိလာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းအတွက် စီးပွားရေးဖွံ့ဖြိုးမှု၊ ယဉ်ကျေးမှုဖလှယ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍတို့တွင် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ရေရှည်အစီအမံများ ချမှတ်ပြီး စဉ်ဆက်မပြတ် ဖော်ဆောင်မှုများကို မြှင့်တင်ရန်လည်း အရေးကြီးလာသည်။

ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေးအတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) (ယခု UN Tourism) ကို ၁၉၇၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ တို့ အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနယ်ပယ်၏ ဦးဆောင်အဖွဲ့အစည်းဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကာ နှစ်စဉ် စက်တင်ဘာလ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ပေးခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားများ စတင်ကျင်းပလာခဲ့သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းစုံကဏ္ဍများ ဆုတ်ယုတ်ကျဆင်းမှုမရှိစေရေး၊ ဘက်ပေါင်းစုံမှ ကျားကန်ရပ်တည်သွားနိုင်စေရေး၊ ရေရှည်အစီအမံများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်စေရေး မျှော်မှန်းရည်ရွယ်၍ ၂၀၂၅ ခုနှစ်အတွက် ဆောင်ပုဒ်ဒီကို **"ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့၊ စဉ်ဆက်မပြတ် ဖော်ဆောင်စို့"**... ဟူ၍ ချမှတ်ထားသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အမြန်ဆုံးဝင်ငွေရှိပြီး အကောင်းဆုံး မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ပင်ဖြစ်သည်။ ခရီးသွားလုပ်ငန်းတွင် ယဉ်ကျေးမှုဆိုင်ရာခရီးသွားလုပ်ငန်း (Cultural Tourism)၊ အပန်းဖြေခရီးသွားလုပ်ငန်း (Leisure Tourism)၊ စီးပွားရေးနှင့်ဆိုင်သော ခရီးသွားလုပ်ငန်း (Business Tourism)၊ အားကစားဆိုင်ရာ ခရီးသွားလုပ်ငန်း (Sports Tourism)၊ စွန့်စားခရီးသွားလုပ်ငန်း (Adventure Tourism)၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Eco-Tourism) နှင့် စိုက်ပျိုးရေးခရီးသွားလုပ်ငန်း (Agro-Tourism) စသည်ဖြင့် ရှိကြသည်။

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် အလေးထားဆောင်ရွက်

ခရီးသွားလုပ်ငန်းကို ကမ္ဘာ့နိုင်ငံများအတွက် ချစ်ကြည်ငြိမ်းချမ်းရေးနှင့် အပြန်အလှန်နားလည်မှု မြှင့်တင်ရန် အစွမ်းထက်သည့်ကိရိယာတစ်ခုအဖြစ်၊ ယဉ်ကျေးမှုများအကြား ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားအဖြစ် ကာလရှည်ကြာကပင် အသိအမှတ်အမှတ်ပြုထားခဲ့ကြသည်။ ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သည့်စက်ရုံများဟုတင်စားခေါ်ဆိုထားပြီး ခရီးသွားလုပ်ငန်းများမှ တစ်ဆင့် စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အားကောင်းစေသည်။ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး ဖွံ့ဖြိုးတိုးတက်မှုသည် ခရီးသွားလုပ်ငန်းကို အားကောင်းစေနိုင်ခြင်းဖြင့် အပြန်အလှန်အထောက်အကူပြုလျက်ရှိနေသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစားအသီးသီးထံသို့ ဝင်ငွေများ တိုက်ရိုက်နှင့် သွယ်ဝိုက်သောနည်းလမ်းများနှင့် စီးဝင်စေခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိစေနိုင်သည့် မီးခိုးမထွက်သည့်စက်ရုံ (Smokeless Industry) တစ်ခုဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် အရေးပါသည့်လုပ်ငန်းအဖြစ် အလေးထားဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း ပြည်တွင်း ပြည်ပ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိနေကြသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး မှီတင်းနေထိုင်လျက်ရှိပြီး တိုင်းရင်းသားလူမျိုးစုတိုင်းတွင် မတူညီသော ယဉ်ကျေးမှုလေ့စရိုက်များ၊ သက်ဝင်ယုံကြည်မှုများ၊ ရိုးရာပွဲတော်များနှင့် ဒေသထွက်ပစ္စည်းများ၊ အစားအသောက်များ စသည့် အလွန်စိတ်ဝင်စားဖွယ်ရာများကို ပိုင်ဆိုင်ထားကြသည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှအပများသည် ခရီးသွားဧည့်သည်များအတွက် အလွန်ဆွဲဆောင်မှုရှိသော နေရာများပင်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ခရီးသည်များကို ဆွဲဆောင်နိုင်

တောင်ပေါ်၊ မြေပြန့်၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေများ စသည့် မတူကွဲပြား ထူးခြားလှပသည့် သဘာဝရှုခင်းများ၊ သမိုင်းဝင်ရေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ၊ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာလေ့များနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလုံးဆိုင်ရာ ခရီးသည်များကို ဆွဲဆောင်နိုင်သည့်အရာများပင်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံသည် ဒေသအလိုက် တစ်နေရာနှင့်တစ်နေရာ မတူညီဘဲ ကွဲပြားခြားနားသည့် သဘာဝပတ်ဝန်းကျင်များ၊ ဒေသအလိုက် လူမျိုးအလိုက် အစားအသောက်များနှင့် ရိုးရာလက်မှုများ၊ အနုပညာများ စုံလင်စွာရှိနေသည်။ အရှေ့တောင်အာရှတွင် ရေခဲဖုံးလွှမ်းသော တောင်တန်းများမှာ မြန်မာတစ်နိုင်ငံတည်းတွင် သာရှိပေရာ၊ ဤသည်မှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။ ထိုသို့ တန်ဖိုးမဖြတ်နိုင်သောအရာများကို မပျောက်မပျက်အောင် ထိန်းသိမ်းဖြင့်တင်၍ ခရီးသွားဆွဲဆောင်မှုများဖြစ်လာစေရန် ဆောင်ရွက်ခြင်းဖြင့် ခရီးစဉ်ဒေသများအဖြစ် ရပ်တည်လာနိုင်ပြီး ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့ကိုပါ များစွာအထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

လူမှုစီးပွားဘဝ မြင့်မားလာစေမည်

ခရီးသွားလုပ်ငန်းဆိုသည်မှာ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းက လုပ်ဆောင်နေသော လုပ်ငန်းဖြစ်သည်။ နိုင်ငံများအလိုက် အပြိုင်အဆိုင်ဆွဲဆောင် စည်းရုံးနေရသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် အခြားသော ဒေသတွင်းနိုင်ငံများထက် ဆွဲဆောင်စည်းရုံးနိုင်ရန် လိုအပ်သည်။ နိုင်ငံတိုင်း၏ စီးပွားရေးလုပ်ငန်းများအတွက် ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ရိုးရာအစားအစာများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ ဆင်ယင်ထုံးဖွဲ့မှုများကို ကမ္ဘာကသိအောင် လုပ်ဆောင်ပေးသည့်လုပ်ငန်းဖြစ်သည်။ ထို့ပြင် နိုင်ငံခြားဝင်ငွေကိုပါ ရှာဖွေပေးသည့်လုပ်ငန်းလည်းဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် လူသားအချင်းချင်းချစ်ကြည်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်း၊ ပညာရေးနှင့် ကျွမ်းကျင်ဖွံ့ဖြိုးမှုရှိခြင်း၊ နည်းပညာဆန်းသစ်စေခြင်းတို့ရရှိစေပြီး ဒေသခံတို့၏ လူမှုစီးပွားဘဝ မြင့်မားလာစေမည်ဖြစ်သည်။

စင်စစ်အားဖြင့် ကမ္ဘာ့စီးပွားရေးတွင် ခရီးသွားလုပ်ငန်းသည် သိသာထင်ရှားဆုံးနှင့် တိုးတက်မှုအရှိဆုံးကဏ္ဍတစ်ခုဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ရာတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံများ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဆောင်ကြဉ်းပေးနိုင်သည်။ ကမ္ဘာ့နိုင်ငံတိုင်းသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား လုပ်ဆောင်လျက်ရှိရာ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏အဆိုအရ ခရီးသွားလုပ်ငန်း၏ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုသည် ကမ္ဘာ့အလုပ်အကိုင်များ၏ ၁၁ ပုံ တစ်ပုံရှိကြောင်း သိရှိရသည်။

ဆိုရလျှင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းသည် ဆက်စပ်နယ်ပယ်များအတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး ဖန်တီးပေးနိုင်ကာ ဒေသတွင်းစီးပွားရေးဆိုင်ရာ မည်မျှမူများကို လည်း လျှော့ကျစေနိုင်သည်။ အထူးသဖြင့် ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံမှ အထောက်အကူပြုသည့်အပြင် တည်ငြိမ်အေးချမ်းမှုကိုလည်း ဖြစ်ပေါ်စေသည်။

စာမျက်နှာ ၁၇ သို့

- **ခရီးသွားလုပ်ငန်းဆိုသည်မှာ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းက လုပ်ဆောင်နေသောလုပ်ငန်းဖြစ်သည်။ နိုင်ငံများအလိုက် အပြိုင်အဆိုင် ဆွဲဆောင်စည်းရုံးနေရသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် အခြားသော ဒေသတွင်းနိုင်ငံများထက် ဆွဲဆောင်စည်းရုံးနိုင်ရန် လိုအပ်**
- **ခရီးသွားလုပ်ငန်းသည် လူသားအချင်းချင်းချစ်ကြည်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်း၊ ပညာရေးနှင့် ကျွမ်းကျင်ဖွံ့ဖြိုးမှုရှိခြင်း၊ နည်းပညာဆန်းသစ်စေခြင်းတို့ရရှိစေပြီး ဒေသခံတို့၏ လူမှုစီးပွားဘဝမြင့်မားလာစေမည်**

ပြည်ကြီးတံခွန်မြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် UID ကတ် ပြုလုပ်

ပြည်ကြီးတံခွန် စက်တင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၇၈)ရန်-မန်းလမ်းပေါ်ရှိ ရွာလယ်အခြေခံဘာသာရေး အဆောက်အအုံ၌ ယမန်နေ့နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်လဝကဦးစီးမှူး ဦးအောင်သွင်ဦးဆောင်သည့်အဖွဲ့က ပန်းခင်းစီမံချက် (၃)ဖြင့် Biometric (UID) ကတ် ပြည်သူများအား ပြုလုပ်ပေးခဲ့သည်။

အဆိုပါ ပြုလုပ်ပေးရာတွင် အသက်(၁၈)နှစ်ပြည့် ဥပဒေအရ နိုင်ငံသားများအား ကွင်းဆင်းဆောင်ရွက်ပေးခြင်း (UID)ကတ် ရိုက်ကူးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အခမ်းအနားသို့ မဟာအောင်မြေ ခရိုင်လဝကဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ဝင်များဖြစ်သော ဗိုလ်မှူးဝင်းအောင်ဖျိုး၊ ဒုတိယရဲမှူးဖြင့်ဆွေ၊ ဦးသောင်းနိုင်၊ ဥပဒေအရာရှိ ဦးရန်လင်းအောင်၊ စီမံကိန်းဦးစီးမှူး ဒေါ်အေးအေးသိန်းတို့က လည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ခွေးရူးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေးဟောပြော

ပန်းတနော် စက်တင်ဘာ ၂၅

ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်မည့် (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာကျောင်းများ၌ ခွေးရူးရောဂါကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့ပုံအကြောင်း ပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး ဟောပြောပွဲတွင် ကျောင်းသားကျောင်းသူများအား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မင်းဘူးမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

မင်းဘူး စက်တင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၄)သိရိမင်္ဂလာ အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၂၃ ရက်က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးလှတိုးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဝါဝါလှိုင်က ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်လာစေရန်နှင့် လူငယ်ရေးရာအခန်းကဏ္ဍအား ဟောပြောပြီး ကျောင်းသားကျောင်းသူလေးများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသော အသိပညာပေးနံရံကပ်ပိုစတာများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ဇေယျာနိုင်(ရွှေကန်မြေ)**

စာမျက်နှာ ၁၆ မှ

ကိုဗစ်ကာလအလွန်နောက်ပိုင်း ယနေ့ချိန်ခါတွင် ကမ္ဘာ့နေရာအနှံ့အပြား၌ နိုင်ငံရေးနှင့် နီးနွယ်သည့် သဘောထားကွဲလွဲမှုပဋိပက္ခများ၊ နိုင်ငံရေးပြဿနာများသည် တစ်စထက်တစ်စ ကြီးထွားလာကာ ပြည်တွင်း ပြည်ပ ကျူးကျော်စစ်များအဖြစ်သို့ ရောက်ရှိကြုံဆုံလာကြသည်ကို တွေ့ရှိနေရသည်။ မတည်မငြိမ် မငြိမ်းမချမ်းဖြစ်နေကြရသည်။ ဆင့်ကဲစွာခြေလျင်၊ ရေကြီးရေလျှံ၊တောမီးလောင်ကျွမ်းမှုစသည့် သဘာဝကပ်ဘေးများ၏ ခြိမ်းခြောက်မှု ဒဏ်များနှင့်လည်း ကြုံဆုံခံစားရပြန်သည့်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍ ဖော်ဆောင်ရေးတွင် များစွာထိခိုက်နစ်နာရစေသည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း ၂၀၂၅ ခုနှစ် မတ်လအတွင်းက အင်အားပြင်းမန္တလေးငလျင်ကြီး၏ လှုပ်ခတ်ဒဏ်သင့်မှုကြောင့် ခရီးသွားများ စိတ်ဝင်စားရာ လေ့လာစရာဆွဲဆောင်နိုင်ရာ ခရီးစဉ်ဒေသများဖြစ်သည့် မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်၊ ရှမ်းပြည်နယ်ဒေသရှိ အင်းလေးအပါအဝင် နေရာဒေသအနှံ့အပြားရှိ ဘုရားပုထိုးများ၊ သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများ၊ လမ်းတံတားများ၊ လူနေအဆောက်အအုံများ၊ အသက်အိုးအိမ်စည်းစိမ်ပေါင်းများစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်။ ရှေးဟောင်းယဉ်ကျေးမှုအနုလက်ရာများ၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများ ပျက်စီးဆုံးရှုံးရမှုများ အတွက် များစွာနှမြောတသဖြစ်စေရသည်။ ယင်းခရီးစဉ်ဒေသများရှိ လေ့လာစရာ ခရီးသွားဆွဲဆောင်မှုများ ပျက်စီးထိခိုက်ဆုံးရှုံးရခြင်းများက ခရီးသွားကဏ္ဍနှင့် ဆက်စပ်လျက်ရှိပေရာ ခရီးသွားလုပ်ငန်းအတွက်ပါ သက်ရောက်မှုရှိသွားရပေသည်။ နိုင်ငံတော်ပိုင်းမှလည်း ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် အမြန်ဆုံးပြန်လည်ဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးအတွက် နိုင်ငံတကာ ထောက်ပံ့ကူညီပေးမှုများနှင့်အတူ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်။

အတူတကွ ပူးပေါင်းဆောင်ရွက်ကြဖို့လိုအပ်

မည်သို့ပင်ဖြစ်စေ ယင်းခြိမ်းခြောက်မှု စိန်ခေါ်မှုများကို ချေဖျက်ရင်းဖြင့်ပင် အစီအမံများ နည်းလမ်းသစ်များဖြင့် ကြံဆအဖြေရှာကာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်မည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းသော အခြေအနေတစ်ရပ် မဖြစ်မနေလိုအပ်သည်။ ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေးအသွင်ပြောင်းလဲခြင်း၊ ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆက်နွယ်ကာ တွန်းအားပေးပြောင်းလဲနိုင်သည်ဟု ဆိုနိုင်သည့်အတွက် ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေးသည် ကြီးမားသော ဆက်နွယ်မှုရှိနေသည်ဖြစ်ရာ မိမိနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိအောင် အတူတကွ ကြိုးပမ်းဖော်ဆောင်ဖို့အချက်သည် အားလုံးတွင် တာဝန်ရှိလာမည်ဖြစ်သည်။

ခရီးသွားအိပ်မက်များကို အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရမည်

ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းအားလုံးတွင် ဧည့်သည်များ၏ စိတ်ကျေနပ်မှုသည်လည်း လွန်စွာအဓိကကျပေသည်။ အရည်အသွေးပြည့်မီသည့် ဝန်ဆောင်မှုတွင် စိတ်ကျေနပ်မှုများရှိအောင် တာဝန်ကျေစွာ အပြည့်အဝ ဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရသည့် အခန်းကဏ္ဍသည် ခရီးသွားလုပ်ငန်း၏ အရေးပါသည့် အချက်တစ်ချက်ဖြစ်သည်။ အထူးသဖြင့် ခရီးစဉ်ဒေသများအတွင်း အထင်ကရနှင့် အဆွဲဆောင်နိုင်ဆုံးနေရာများအဖြစ် တသအမွမ်းတင် ကျန်ရစ်နေစေရေးနှင့် ခရီးသွားများအတွက် ရောမွေ့သောခရီးစဉ်ဖြစ်စေရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းရပေမည်။ ခရီးစဉ်တွင် မဖြစ်မနေ ထိတွေ့ဆက်ဆံနေကြရသည့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ အင့်ဘယာဉ်များ၏ နွေးထွေးယျေဘုယာသော ဆက်ဆံရေးတစ်ရပ်ကို မျှော်လင့်ကြသဖြင့် ခရီးသွားလိုသူများအတွက် ခရီးသွားအိပ်မက်များကို ဝန်ဆောင်မှုအပြည့်အဝဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရမည် ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းသည် တစ်ချိန်တည်းတွင် တည်ခိုနေထိုင်ရေးနှင့် ဧည့်ဝတ်ကျေပွန်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ စည်ပင်သာယာလုပရေးကဏ္ဍ၊ မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ စသည့်ကဏ္ဍစုံဖွံ့ဖြိုးအောင် အချိတ်အဆက်မိမိ ဖန်တီးပေးနိုင်သည့် လုပ်ငန်းဖြစ်ပြီး တန်းတူညီမျှ အားလုံးပါဝင်ဆောင်ရွက်နိုင်သော အထောက်အကူပြု လုပ်ငန်းတစ်ရပ်လည်း ဖြစ်ပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ သွားလာလည်ပတ်နိုင်ရေး၊ ခရီးသွားဧည့်သည်များအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြည့်စုံလွယ်ကူ လျင်မြန်စွာရရှိနိုင်အောင် စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ခရီးသွားဧည့်သည်များ၏ ပြည်ဝင်ခွင့် ပြည်ထွက်ခွင့်လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေးဆိုင်ရာ သတင်မှတ်ချက်များကိုလည်း ဆက်စပ်ဝန်ကြီးဌာနအားလုံးက ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံအတွင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ကာလတို၊ ကာလလတ်၊ ကာလရှည်ပန်းတိုင်များ အောင်မြင်စေရန်အတွက် မဟာဗျူဟာ ၁၈ ခု၊ အသေးစိတ် စီမံချက် ၉၃ ခု ပါဝင်သည့် "မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးမဟာဗျူဟာ လမ်းပြမြေပုံ" (၂၀၂၁-၂၀၂၅)ကို ရေးဆွဲ၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သည့်အလျောက် ဒေသတွင်းခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာ (၂၀၁၆ - ၂၀၂၅) (ASEAN Tourism Strategic Plan 2016–2025)ကို အကောင်အထည်ဖော်သည့်အနေဖြင့် အာဆီယံကို ကမ္ဘာ့အကောင်းဆုံးခရီးစဉ်ဒေသတစ်ခု ဖြစ်စေရန် အရည်အသွေးမြင့်ခရီးသွားလုပ်ငန်း (Quality Tourism)ကို ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်ဟု သိရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်ကာလအလွန် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရည်အသွေးမြင့် ခရီးသွားလုပ်ငန်းစံနှုန်းများကို ပြည်တွင်းဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများ၊ အများပြည်သူများ၊ အဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ သိရှိနားလည်လုပ်ဆောင်နိုင်ရန် နိုင်ငံတကာ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်။

ခရီးသွားသီအိုရီအတွေးအခေါ်များ အသစ်ဖြစ်ထွန်းလာ

ယနေ့ခရီးသွားလုပ်ငန်းသည် အနေအထားနှင့် သဘောသဘာဝအရ ပြောင်းလဲဖြစ်ပေါ်တိုးတက်မှုများ မြန်ဆန်လျက်ရှိနေပြီး ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလမှစတင်၍ ခရီးသွားများ၏ပုံစံများ ပြောင်းလဲလာကာ ခရီးသွားလုပ်ငန်းအမျိုးအစားများလည်း ကျယ်ပြန့်လာမှုနှင့်အတူ ခရီးသွားလုပ်ငန်းဆိုင်ရာ သီအိုရီအတွေးအခေါ်များ အသစ်ဖြစ်ထွန်းလာသည်ကို တွေ့ရှိနေရသည်။

ခရီးသွားလုပ်ငန်းသည် အရင်းအနှီးနည်းနည်းဖြင့် နိုင်ငံခြားငွေအမြောက်အမြား ရှာဖွေပေးနိုင်သည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အထူးဂရုပြုဆောင်ရွက်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းတိုးတက်ရေးမှာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အခြေခံဖြစ်သော်လည်း တစ်ဦးကောင်းတစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍ရနိုင်သည်မဟုတ်ဘဲ အဖွဲ့အစည်းများ အလိုက်၊ ဝန်ကြီးဌာနများအလိုက်၊ တိုင်းရင်းသားပြည်သူများအလိုက်၊ နိုင်ငံများအလိုက် ပေါင်းစည်းညီညာမှုရှိရှိနှင့်သာ အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။

ကောင်းမွန်သောပုံရိပ်ကို အစဉ်တစိုက်ကြိုးပမ်းကြရမည်

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့လုပ်ငန်းဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့်လုပ်ငန်းလည်းဖြစ်သည့်အတွက် ထိုလုပ်ငန်းဖွံ့ဖြိုးဖို့ဆိုလျှင် သတင်းမီဒီယာကဏ္ဍလုပ်ငန်းနှင့်လည်း ဆက်စပ်သည်။ မှန်ကန်သော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ မြန်မာနိုင်ငံ၏ကောင်းမွန်သော ပုံရိပ်ကို မြှင့်တင်ခြင်းတို့ကိုလည်း အစဉ်တစိုက် ကြိုးပမ်းကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်ခု၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကမောင်းနှင်အားတစ်ရပ် ဖြစ်သည့်အတွက် မြန်မာ့ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်နိုင်ဖို့ရာ သက်ဆိုင်သူများအားလုံးက နိုင်ငံချစ်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့ဖြစ်ပေရာ နိုင်ငံအနှံ့အပြားနှင့် ကမ္ဘာတစ်ဝန်းသွားလာလျက်ရှိသော ခရီးသွားများ၊ ပြည်တွင်းခရီးသွားလုပ်ငန်းများအနေဖြင့် ခရီးသွားလုပ်ငန်းနှင့်အတူ ဆက်စပ်နေသော လူမှုစီးပွားဘဝများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သဘာဝသယံဇာတများ၏ တန်ဖိုးကို လေးစားလျက် မိတ်ဝတ်မယျက်သော အိမ်ရှင်နှင့် ဧည့်သည်ဆက်ဆံရေးကို ထူထောင်ရင်းရေရည်အကျိုးစီးပွားအတွက် ဝိုင်းဝန်းကြိုးပမ်းမှုစွမ်းပကားဖြင့် ဟန်ချက်ညီစွာ "ခရီးသွားကဏ္ဍ ရေရည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်ကြပါစို့"...ဟု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အတွေးအမြင်ဖြင့် ရေးသားတင်ပြလိုက်ရပါသည် ... ။ ။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၇ ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး ကရင်ပြည်နယ် မြဝတီမြို့–ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် နီပေါနိုင်ငံသား ခုနစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ငါးဦး၊ တရုတ်နိုင်ငံသားလေးဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၇ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၂ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၀၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံးစစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

(၆၁) နစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတုတ္တရာမြို့နယ် စည်ကျစ်တောင်ဘုရားဝင်းအတွင်း၌ စက်တင်ဘာ ၂၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနိုင် ဦးဆောင်၍ မြို့မရဲစခန်းမှူး ဒုရဲမှူးဗျိုးလွင်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ ဆန်းကိုကို(ပြန်/ဆက်)

(၆၁) နစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက်က သာလေးသာသမိုင်းဝင်လှိုင်နုံသာဘုရားဝင်းအတွင်း မြို့သစ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆန်းဦးဆောင်၍ မြို့သစ်မြို့မရဲစခန်းမှူး ဒုရဲမှူးစိုးမြင့်နိုင်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။
ကိုဇော်(ပြန်/ဆက်)

မော်လမြိုင်၌ အခွန်ဥပဒေအကြောင်းသိကောင်းစရာ ဟောပြော

မော်လမြိုင် စက်တင်ဘာ ၂၅

မော်လမြိုင်မြို့နယ်၌ အခွန်ဥပဒေအကြောင်းသိကောင်းစရာ ဟောပြောပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မော်လမြိုင် တက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ ဟောပြောပွဲတွင် မော်လမြိုင်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာခင်ခင်ဌေးက အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန မွန်ပြည်နယ် ညွှန်ကြားရေးမှူး ဦးဝျန်စိန်ဂီက အခွန်ဥပဒေအကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ဗဟန်းမြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၂ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။ (ယာပုံ)

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရဲဝင်းနိုင် (လက်ထောက်ညွှန်ကြားရေးမှူး)က အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိကောင်းစရာများအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ဆွေးနွေးပွဲသို့ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော စီးပွားရေးလုပ်ငန်းရှင် ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ ၂၂၁

စလင်းမြို့နယ်၌ ခွေးရူးရောဂါကာကွယ်ဆေးများ လိုက်လံထိုးနှံပေး

စလင်း စက်တင်ဘာ ၂၅

(၁၉) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးခြင်းနှင့် မြို့ပေါ်ရပ်ကွက်များရှိ ခွေးများကို ယနေ့နံနက်ပိုင်းတွင် ခွေးရူးရောဂါကာကွယ်ဆေး လိုက်လံထိုးနှံပေးခဲ့သည်။

ဦးစွာ စလင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်သူရက ရပ်ကွက်အတွင်းရှိ ပြည်သူများအား ခွေးရူးရောဂါနှင့် ပတ်သက်သော အကြောင်းအရာများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် အိမ်မွေးတိရစ္ဆာန်ဖြစ်သည့် ခွေးများအား ခွေးရူးရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံ၍ ခွေးရူးရောဂါ အကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မောင်လွင်(စလင်း)

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၀၇)ကြိမ်မြောက်စေတိယဂီဏာပရိယတ္တိမဟာနုဂ္ဂဟာလျှောက်မေးပွဲ ကျင်းပပြုလုပ်မည့်ရက် ကြေညာခြင်း

၁။ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၀۷)ကြိမ်မြောက် စေတိယဂီဏာပရိယတ္တိမဟာနုဂ္ဂဟာလျှောက်မေးပွဲကို ၁၃၈۷ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၁) ရက်၊ (၁၅-၁၁-၂၀၂၅)ရက် စနေနေ့ မှ နတ်တော်လဆန်း (၂)ရက် (၂၁-၁၁-၂၀၂၅)ရက် သောကြာနေ့ အထိ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ဖြေဆိုမည့်ရဟန်းတော်များသည် ဝင်ခွင့်ပုံစံများကို ဂေါပကအဖွဲ့ရုံးခွဲ ရုံးချိန်အတွင်းထုတ်ယူ၍ (သို့မဟုတ်)Board of Trustee of Shwedagon Pagoda ဖေ့(စ်)ဘုတ်စာမျက်နှာမှကူးယူ၍ မှန်ကန်စွာ ဖြည့်သွင်းပြီး ၁၃၈۷ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့(၄-၁၁-၂၀၂၅)ရက် အင်္ဂါနေ့တွင် နောက်ဆုံးထားရှိ ပေးပို့တော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

၃။ ပရိယတ္တိသာသနာကို ချီးမြှောက်သောအားဖြင့် စာဖြေသံယာတော်များအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းလိုပါက ရွှေတိဂုံစေတီတော်ရင်ပြင်နှင့် ဂေါပကအဖွဲ့ရုံးအလှူခံဌာနများတွင် လှူဒါန်း နိုင်ပါကြောင်း ကုသိုလ်အကျိုးမျှော် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၁-၃၈၀၃၅၈၊ ၀၁-၃၇၅၇၆၇

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

လျှပ်စစ်ဓွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်ဓွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	စီမံကိန်း/လုပ်ငန်းအမည်
က	68(T)/DPTSC(PTP)/2025-2026	ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ဆောင်ရွက်မည့် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောဘိလပ်မြေ (၃၇,၀၀၀)အိတ် ဝယ်ယူရန်။
ခ	69(T)/DPTSC(PTP)/2025-2026	၅၀၀ကေဗွီ တောင်ငူ (စပါးကြွယ်) ပင်မဓာတ်အားခွဲရုံတွင် (၁၂၀'x၅၀') Steel Structure (၁၆"x၈" I-Beam)RC Open Shed (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၈-၁၀-၂၀၂၅) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်း၀ယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၊ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည် ဖြစ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀۷၆- ၃၄၁၀၅၉၊ ၀۷၆- ၃۷၁၀၂၅၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၇)၊ မဂ်လာလမ်း၊ မြေကွက်အမှတ် (၆၆)၊ အကျယ်အဝန်း (၄၀၆၀ × ၆၀၀)ရှိ ဦးမောင်ကျော် (ISN- ၂၃၃၃၉) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသန့်စော်ဝင်း (၅/ဘတလ (နိုင်)) ၁၀၅၄၁၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးပြည်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ လူနေရပ်ကွက်အမှတ်(-)၊မြေကွက်အမှတ်(၂၀၅၉)၊အကျယ်အဝန်း(၄၀၆၀ × ၆၀၀)ရှိ ဒေါ်စန်းမြင့်(TRY-၀၄၅၂၅၈)အမည်ပေါက်မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးသန်းထိုက်(၁၀/ကမရ(နိုင်)၀၅၈၃၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်နိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မျိုးနိုင်
LL.B, D.B.L.
အထက်တန်းရှေ့နေ(စဉ်-၄၅၆၃၃)

အမှတ်(၇၂)၊ မြည့်ထပ်၊ ၀မိုးရိပ်(၁၀)လမ်းအပိုင်း(၄)၊ ၀မိုးရိပ်ရပ်ကွက်၊ သမန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀ ၂၉၀ ၇၀၁၊ ၀၉ ၇၉၅ ၆၃၁ ၉၀၀

ဖခင်အမည်မှန်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမက(၃)Grade-5 မှ မောင်ထွန်းလင်း နေသင် ၏ ဖခင်အမည်မှန်မှာ ဦးဆယ်က လူ ၇/ကခ(နိုင်)၁၅၈ ၄၃၃ ဖြစ်ပါကြောင်း။

ဦးဆယ်ကလူ

အမည်ပြောင်း

တောင်ငူမြို့၊ အထက (နတ်စင်ကုန်း) Grade.12 (B) တွင် ပညာသင်ကြားနေသော (၁၁) ဦးပါအုပ် ၁၃/တကန(နိုင်) ၁၂၀၈၅ ၏ သား မောင် L ဖိလစ်(စ်)စတားအား မောင်အယ်လ် ဖိလစ်စတားဟု ပြောင်းလဲခေါ်ပါရန်။

မောင်အယ်လ်ဖိလစ်စတား

ဓာတ်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/4163 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကည၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

မိဘအမည်မှန်

ဓနုဖြူမြို့နယ်၊ အ.ထ.က(၁) ဓနုဖြူ Grade 8(B)မှ မောင်သက်ပိုင်အောင် ၏ မိဘအမည်မှန်မှာ ဦးမြင့်လွင် ၁၄/ဓနဖ(နိုင်)၀၀၃၅ ၇၀ နှင့် ဒေါ်မြမြသိန်း ၁၄/ဓနဖ (နိုင်)၀၂၈၇၁ ဖြစ်ပါကြောင်း။

ဦးမြင့်လွင်-ဒေါ်မြမြသိန်း

ကျေးကြွန်ပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/6114 ၏ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကည၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 67W/53145, TVS DAZZ 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာထွန်း ၁၄/ဧလန(နိုင်) ၀၈၃၄၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၊ ခရိုင်ရုံး(ဟသံတ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/35067, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောခေါ်အောင် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၊ ခရိုင်ရုံး
(သာယာဝတီ)

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၀/တိုးချဲ့)၊မြေကွက်အမှတ်(၅၉)၊ မြေဧရိယာ(၀၁၁၀ဝ၃)စက နှင့် မြေကွက်အမှတ်(၇၀)၊ မြေဧရိယာ(၀ ၁၁၀ ၁၃)စကရှိ မြေကွက်(၂)ကွက်အား ဦးတော့(ချဲ)ဗဟာဒူး(၁)ဦးတေဗဟာဒူး(၉/မကန(နိုင်)၀၆၇၀၆)ကမူလ အမည်ပေါက် ပိုင်ရှင် ဒေါ်မြမြအေး(၁၂/လသန(နိုင်)၀၀၇၀၀၇)ထံမှ လက်ရှိလက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသည့် မြေကွက်များဖြစ်ပါသည်။

ဦးတော့(ချဲ)ဗဟာဒူး(၁)ဦးတေဗဟာဒူး၏ အတိအလင်းသဘောတူညီချက် မရှိဘဲ အဆိုပါမြေကွက်များအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း၊ ဟန့်တားပိတ်ဆို့ခြင်း၊ ဦးတော့(ချဲ)ဗဟာဒူး(၁)ဦးတေဗဟာဒူး၏ အကျိုးဖျက်စီးဆုတ်ယုတ်စေခြင်းများ(လုံး၀) မပြုလုပ်ကြရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတော့(ချဲ)ဗဟာဒူး (၁)ဦးတေဗဟာဒူး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးအောင်
အထက်တန်းရှေ့နေ(စဉ်-၅၄၃၃)
B.A.,P.G.D.L.,D.B.L.,W.I.P.O(Switzerland)
အမှတ်(၅၈-၁၉)၊ (၇လွှာ)၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၈၈၇၄၄

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/2943, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကိုကို ၁၄/မမန(နိုင်)၁၆၃၁၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/5961, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးထက်အောင် ၁၄/ကကန(နိုင်)၁၄၆၅၆၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

တရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဆံတော်ရုက်ကန်နေ (၁၁) ဦးသိန်းဝင်း၏ သမီး မနှင်းအိအိခိုင် ၇/ပမန(နိုင်)၁၆၉၅၅၈ နှင့် ဖြူးမြို့နေ (၁၁) ဦးမောင် မောင်နိုင် ၏သား မောင်ရိုနိုးထက်နိုင် ၇/ဖမန(နိုင်)၁၅၅၂၇၇ တို့သည် ၁၁.၂.၂၀၁၄ ရက်နေ့တွင် အကြင်လင်မယားအဖြစ် ယနေ့အထိ ပေါင်းသင်းနေထိုင်လျက်ရှိပြီး သားတစ်ယောက် ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်တို့နှစ်ဦးသည် ယနေ့အထိ တရားဝင် ဇနီးမောင်နှံများဖြစ်၍ ၎င်းနှင့်ပတ်သက်သော လူမှုရေးအပ္ပယ်အရှင်း များရှိလာပါက တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်နှင်းအိအိခိုင်၊ ၇/ပမန(နိုင်)၁၆၉၅၅၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/5938, Suzuki Carry DA 63T, Pick Up (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ခိုင်အေး ၁၂/သဃက(နိုင်) ၁၃၅၅၅၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကည၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/ဝ၅၉၃ ယာဉ်လက်ဝယ်ရှိသူ ဦးရဲပိန်းထွန်း ၁၀/မလမ(နိုင်)၁၃၉၄၀၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/ဝ၅၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝဝမင်း ၁၀/မလမ(နိုင်)၁၁ဝ၃၇၁ ၈ ကကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/ဝ၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ဝေ ၁/ကမ(နိုင်)၁ဝ၆ဂ၁ ၆ ကကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ အထက(၆)၊ ဆယ့်လေးရွာ Grade-12 မှ မောင်ဖြိုးမြတ်ဦး ၏ ဖခင်အမည်မှန်မှာ ဦးရဲလင်းထွန်း ၇/ကတ(နိုင်)၁၃၆၃၂ ဖြစ်ပါကြောင်း။

ဦးရဲလင်းထွန်း

အမည်မှန်

ဦးကျော်လွင် ၏သား။ ၁ဂုံအရှေ့ပိုင်းမြို့နယ်၊ အထက (၃)၊ ၁ဂုံအရှေ့ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဇော်မျိုးလွင်၏ အမည်မှန်မှာ မောင်နေမျိုးအောင် ၁၄/ဘကလ(နိုင်)၄၄၈၄၇၉ ဖြစ်ပါကြောင်း။

မောင်နေမျိုးအောင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း
တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအတွင်းရှိကော်မရှင်
အဖွဲ့ခွဲရုံးများတွင်လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး၊ ပြည်နယ်၊ပြည်ထောင်စုနယ်မြေအတွင်းရှိကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး ၄၂ နေရာ(လစာနှုန်း၊ကျပ် ၂၆၀၀၀–၂၂၆၀၀၀)များအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေအတွင်းရှိကော်မရှင်အဖွဲ့ခွဲရုံးများတွင်လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူများသည်–
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
(ဃ) ၃၀–၉–၂၀၂၅ရက်တွင် အသက်(၂၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(c) ဝန်ထမ်းဖြစ်ပါက ၃၀–၉–၂၀၂၅ ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဆ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(၈) အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များ ပါဝင်ရမည်–
(က) တစ်လအတွင်းရိုက်ကူးထားသော ၁ လက်မပတ်လည်ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးထားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။)
(ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆G/၆) မိတ္တူ

၄။ လျှောက်လွှာပုံစံများကို ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် download ရယူနိုင်ပြီး နီးစပ်ရာမြို့နယ်ရှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်း ရယူနိုင်ပါ သည်။ လျှောက်လွှာများကို ၂၆–၉–၂၀၂၅ ရက်နေ့(သောကြာနေ့)မှ စတင်ထုတ်ပေးသွားမည်ဖြစ်ပြီး ၁၀–၁၀–၂၀၂၅ ရက်နေ့(သောကြာနေ့)နောက်ဆုံးထား၍ လျှောက်လွှာရယူခဲ့သည့်ကော်မရှင်အဖွဲ့ခွဲရုံးများသို့လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက် စာတမ်းအထောက် အထားမပြည့်စုံသူများကို ထည့်သွင်းလက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ခွင့်ပြုထောက်ခံချက်ဖြင့် သက်ဆိုင်ရာဌာနမှတာဝန်ဆင့် ပေးပို့လျှောက်ထားရမည်။

၆။ အဖိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လုံး၀(လုံး၀) လျှောက်ထားခွင့်မရှိပါ။

၇။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ် နှင့် စာမေးပွဲဖြေဆိုရမည့်ရက်တို့ကို လျှောက်လွှာရယူခဲ့သည့် ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲ၊ ရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ [ရုံးအမှတ်(၂၂)၊ နေပြည်တော်] ၏ကြော်ငြာသင်္ဘောပန်းနှင့် ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင်ကြေညာပေးထားမည်ဖြစ်ပါသည်။

၈။ လျှောက်ထားသူများသည် မြန်မာစာ၊ ကွန်ပျူတာမေးခွန်းနှင့် အင်္ဂလိပ်စာ ဘာသာရပ်မေးခွန်းတို့ အား (မြစ်ကြီးနား၊လွိုင်ကော်၊ဘားအံ၊ဟားခါး၊ မုံရွာ၊ ထားဝယ်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မော်လမြိုင်၊ စစ်တွေ၊ ရန်ကုန်၊ တောင်ကြီး၊ ပုသိမ်၊ နေပြည်တော်) စာစစ်ဌာနများတွင် ၁၉–၁၀–၂၀၂၅ ရက်နေ့ (တနင်္လာနေ့) ဝဝ:၀၀ နာရီမှ ၁၂:၀၀ နာရီ အထိရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲ လာရောက်ဖြေဆိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်အား တစ်ပါ တည်းယူဆောင်လာရမည် ဖြစ်သည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို သာ လူတွေ့နှုတ်ဖြေစာမေးပွဲ စီတန်းခြေအခြေခံ စစ်ဆေးခြင်းနှင့် ကွန်ပျူတာ လက်တွေ့စစ်ဆေးခြင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင်ပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့်အခြား အောင်လက်မှတ်များစသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ လူတွေ့စစ်ဆေး မည့်နေ့ရက် နှင့်အချိန်တို့ကို UEC Website ဖြစ်သော www.uec.gov.mm တွင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး [ရုံး အမှတ်(၂၂) ၊ နေပြည်တော် ဖုန်း–၀၆၇–၃၄၀၄၃၊ ၀၆၇–၃၄၀၄၂] တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ကျေးဇူးဆပ်ပါမည်

ကျွန်ုံးစုမြို့နယ်၊ ကဲမော်ကျေးရွာနေ၊ ဦးကိုကိုလွင်(၆/ကစခ (နိုင်)၀၉၅၀၈၁)ပိုင် "သစ္စာမေ" (CMD/0018/24)ကုန်တင်စက်လေ့ ၏ ဂရန် LSA မူရင်းများ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။
ဖုန်း–၀၉–၄၂၂၁၉၇၈၃

ကန့်ကွက်နိုင်ပါကြောင်း

လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ တိုးချဲ့(၃)လမ်း၊ အကျယ်အဝန်း (၆၀x၂၅)ပေရှိ မြေနေ့ငယ်ပေမြေပေါ်ရှိမိမိမိတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပါရှိ အားလုံးကို ပိုင်ဆိုင်သော ဦးကျော်ကား ၅/ကလန(နိုင်)၀၀၀၅၄ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ခေါ်ချိုမေအောင်နှင့် ဦးချစ်ကိုကိုအောင်တို့ မောင်နှမ (၂)ဦးက စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ၀ယ်ယူခဲ့ပါသည်။ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက် အထားအပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ သတ်မှတ်ရက်ကျော်လွန်က ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ခေါ်ခင်မမသောင်း LL.B,D.I.L တရားလွတ်တော်ရှေ့နေ စဉ်–၂၆ဂ၀/၈၄
ခေါ်ချောနန္ဒာ LL.B,D.B.L တရားလွတ်တော်ရှေ့နေ စဉ်–၁၁၇၁/၂၀၁၆
ခေါ်မေမွန်ဦး LL.B တရားလွတ်တော်ရှေ့နေ စဉ်–၁၉၀၅၉/၂၀၂၃
ဖုန်း–၀၉–၄၂၀၁၈၆၈၊ ၀၉–၄၂၆၀၆၀၃၈၈၊ ၀၉–၉၇၃ဝ၄ဝ၄ဝ

ကန့်ကွက်နိုင်ပါကြောင်း

ဖြတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ ကွင်းအမှတ်–၁(က)ကန်ကြီးကွင်း၊ မြေကွက်အမှတ် (၁၉၆)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ကေအား မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄–၁၁–၂၀၁၁)ရက်စွဲပါစာအမှတ် ၃၉၂/၄/၁–၁၂/ ခရအ(မြိတ်)အရ ဒေါက်တာအေးအေးသိန်းအမည်ဖြင့် အိမ်ရာမြေနေရာ ချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေဌားဂရန့် (အသစ်) လျှောက်ထား နိုင်ရေး ဒေါက်တာအေးအေးသိန်း ၆/အရ(နိုင်)၀၃/၆၃၂ မှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ ကော်လီဇွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန တွင် မှတ်ပုံတင်ထားသော "အောင်သူ ရထွန်း-၅" အမည်ရှိ ကာဂေသောင်းခရိုင် ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင် အမှတ်၊ (FKD/0009/15) ရေယာဉ်၏တန်ချိန် –၂၀.၄၅ အား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးရွှေဝင်းလွင် ၆/ကစခ (နိုင်)၀၄၉၂၂ အမည်မှ ဒေါ်ရီရိန်ခိုင် ၆/လလန(နိုင်)၀၆၀၃၀ အမည်သို့ ပြောင်းလဲ ပေးပါရန် ဤသတင်းနှင့် လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင် အမည်ပြောင်းလဲလိုရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက် နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန

အမည်ပြောင်း

မြိတ်မြို့၊ အလယ်ကျွန်း နယ်မြေ၊ မြစ်မရပ်နေ ဦးမိုးမျိုးသူ ၆/မအရ(နိုင်)၀၉၀၆၁၃နှင့် ခေါ်ရီရီခင် တို့၏သမီးဖြစ်သူ မရည်မြတ်သူ ၆/မမန(နိုင်)၂၉၉၃၉၈ အား ယနေ့မှစ၍ မကောင်းဆုသူဟု ပြောင်းလဲ ခေါ်ဆိုပါရန်။ မကောင်းဆုသူ

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၄၀၁၂၉၊ Honda Wave I 125, (m/c) ယာဉ်လက်ဝယ်ရှိသူ ဦးညီညီလင်း ၆/တသရ(နိုင်)၀၃၈ဂ၀၉ က ယာဉ်မှတ်ပုံတင်စာအုပ်(အမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကည၊ ခရိုင်ရုံး(မြိတ်)

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ တဂေါင်းဘုရားလမ်း၊ အိမ်အမှတ် (၃) ဟု ခေါ်တွင်သော အကွက်အမှတ် (၈၂-၁)။ အကွက်အမည် - တရတက်စု၊ ဦးပိုင်အမှတ် (၁/၂၃)။ ဧရိယာ (၀.၀၁၆)ဧက၊ ပေအကျယ်အားဖြင့် အလျား (၄၀)ပေ၊ အနံ (၂၀)ပေရှိ ဦးရန်ရှင်းအမည်ပေါက် မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ ရေမစီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချ ပိုင်ခွင့်ရှိသူ များဖြစ်ကြသော ဦးစိုးဖြင့် (၁၄/ပသန(နိုင်)၁၄၉၀၃၇)၊ ဦးစိုးနိုင် (၁၄/ပသန(နိုင်)၁၄၉၃၆၅)၊ ခေါ်ဌေးဌေး (၁၄/ပသန(နိုင်) ၁၄၉၀၃၆)၊ ခေါ်စစ်စန်း ထွေး (၁၄/ပသန(နိုင်)၀၀၁၅၁)၊ ခေါ်မြင့်မြင့်ကြယ် (၁၄/ပသန(နိုင်)၀၅၅၅၈၉)တို့ထံမှ ကျွန်ပ်၏မိတ်ဆွေဖြစ်သူ ခေါ်ဦးစာစိုး (၁၀/မလမ(နိုင်)၁၇၆၈၀၁)က အပြီးအပိုင် လက်ရောက်ယယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သည့်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ချိုဆက် (LL.B) တရားလွတ်တော်ရှေ့နေ စဉ် (၁၇၄၅/၄-၁၀-၂၀၂၁)
အမှတ် (၂၀)၊ မဟာစေတီလမ်း အမှတ် (၅)ရပ်ကွက်၊ ပုသိမ်မြို့၊
ဖုန်း–၀၉–၇၈၂၁၃၉၈၈

ကန့်ကွက်နိုင်ပါကြောင်း

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/4409 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
ကည၊ (ရွာသာကြီး)

မအိမ်မျက်ခြယ်(၁)မဥမ္မာခိုင် (၈)ဦးအောင်မိုး ၉/ညဥန(နိုင်)၁၆ဂ၁၀၈ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ညောင်ဦးမြို့၊ အမှတ်(၂)ရပ်ကွက်၊ အရှေ့ဈေးတန်းရပ်နေ ကျွန်ပ်၏ မိတ်ဆွေများဖြစ်သည့် မသိမ်မြေ့ခင် (၁၁) ဦးအောင်မိုး ၉/ညဥန(နိုင်)၁၇၆၆၁၉ နှင့် ကိုနိုင်းထွန်ရွှန်း (၁၁) ဦးအောင်မိုး ၉/ညဥန(နိုင်)၁၄၂၇၃ တို့၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း မအိမ်မျက်ခြယ်(၁)မဥမ္မာခိုင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ယနေ့သတင်းစာကြေညာပါသည့်နေ့ရက်မှစ၍ ကျွန်ပ်၏မိတ်ဆွေများဖြစ်သည့် မသိမ်မြေ့ခင်နှင့် ကိုနိုင်းထွန်ရွှန်းတို့၏ ဂုဏ်သိက္ခာကို ကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ် ချက်ဖြင့်သော်လည်းကောင်း၊ ကျွန်ပ်မိတ်ဆွေများ၏ အစိမ်အရင်းဖြစ်သူ မအိမ်မျက်ခြယ်(၁)မဥမ္မာခိုင် (၁၁) ဦးအောင်မိုး ၉/ညဥန(နိုင်)၁၆ဂ၁၀၈ အနေဖြင့် ဆိုရှယ်မီဒီယာ (Phone, Facebook, Messenger, Viber, Telegram, Instagram, WhatsApp, Wechat, TikTok) စသည့် လူမှုကွန်ရက်များပေါ်တွင် ကျွန်ပ်မိတ်ဆွေ များ၏ ဂုဏ်သိက္ခာနှင့် စိတ်အနှောင့်အယှက်ဖြစ်စေရာ အပြုအမူကိစ္စရပ်များကို ဝေမန်းဥပဒေဆိုရေးသာခြင်း၊ ကျွန်ပ်မိတ်ဆွေများ၏အမည်နာမအား အသုံးပြုပြီး ကျွန်ပ်မိတ်ဆွေများ၏သူငယ်ချင်း မိတ်ဆွေများထံ စကားပြောဆိုခြင်း၊ ငွေကြေး ချေးငှားခြင်းများ မပြုလုပ်ပါရန်နှင့်ထိုသို့ပြုလုပ်မှုများအား တွေ့ရှိရပါက တည်ဆဲ တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မအိမ်မျက်ခြယ်(၁)မဥမ္မာခိုင် နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ –
ခေါ်စုစန္ဒီကို (LL.B) တရားလွတ်တော်ရှေ့နေ (စဉ်–၁၅၈၀၁)
အနေဘက်ဈေးတန်းရပ်၊ ညောင်ဦးမြို့၊ ဖုန်း–၀၉–၄၀၂၅၀၀၆၇၆

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊မြဝတီခရိုင်၊မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (၅/ရွှေမင်းဝန်)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ(၀.၁သမ၅၅၅)ဧကရှိ မြေကွက်သည် ခေါ်ငြိမ်းတင်အမည်ခြင်းနှင့် နှစ်(၃၀)မြောင်းဂရန်ရရှိရဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ခေါ်ငြိမ်းတင်နှင့် ၎င်း၏ခင်ပွန်းတို့မှာ ကွယ်လွန်ခဲ့ပြီးဖြစ်၍ ခေါ်အေးသွင်ပါသား/ သမီး (၉)ဦးတို့မှ (၁၀-၇-၂၀၂၃)ရက်စွဲပါစာချုပ်အမှတ် (၁၁/၂၀၂)ဖြင့် အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ဖြေကိုးကဏ္ဍသာစာတမ်းပြုလုပ် ထားပါသည်။ အမွေဆက်ခံပိုင်ခွင့် ရှိသူ ခေါ်အေးသွင် ပါ(၉)ဦးတို့ထံမှ ခေါ်ဝင်ဝါ အောင် ၃/ကကရ(နိုင်)၁၂၇၃၀၇က (၁၈-၁၁-၂၀၂၄)ရက်စွဲပါ စာချုပ်အမှတ်(၁၀၁/ ၂၀၂၄)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ပြေငှားဂရန့် (အမည်ပြောင်း) လျှောက်ထားလာမှ အပေါ် ကန့်ကွက်တာင်ပြလိုသူ မည်သူမဆို ကျိုးကြောင်းဖော်ပြခြင်း နိုင်ငံရေးစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း မြတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သာလောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူရှိပါက လျှောက်ထားမှုအား လုပ်ထုံး လုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ ကော်လီဇွော်အရာရှိ
မြတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ မြို့တွင်းကြီးရပ်ကွက်၊ စီတွဿာလမ်း၊ အမှတ်(၅၉၈) နေ့ဦးဘိုခင်(ဂ/ပခန(နိုင်)၂၅၈၂၅)–ခေါ်ဝင်းတင်(ဂ/ပခန(နိုင်)၂၄၀၄၈၆) တို့၏သမီး မအေးငြိမ်းသူ(၁)ငြိမ်းငြိမ်း (ဂ/ပခန(နိုင်)၃ဂ၃၅၅၀)သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ် လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား လုံး၀(လုံး၀) တာ၀န်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
မိဘများ ဦးဘိုခင်–ခေါ်ဝင်းတင်

ကန့်ကွက်နိုင်ပါသည်

အမှတ် 72W/43348 ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းထိုက် ၉/စကတ(နိုင်)၁၀၁၆၂၉ က ယာဉ်မှတ်ပုံတင်စာအုပ်(အမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန၊ ရေကြောင်း (ကျောက်ဆည်)သို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကည၊ ခရိုင်ရုံး
(ကျောက်ဆည်)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/76484, OWL.Cycle.Bike. 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးသူ ၉/ကဆန(နိုင်)၂၃၁၇၀၇ က ယာဉ်မှတ်ပုံတင်စာအုပ်(အမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကည၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/61026, Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၉/ရရတ(နိုင်) ၁၀၆၂၆ က (အမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေ ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
ကည၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2ဂ၄ယ/ဂ၈ဂ၈၃, Honda Click 125 ယာဉ်လက်ဝယ် ရှိသူ ဦးဌေးနီ ၉/ပကခ(နိုင်) ၀၀၁ဂ၈ဂ၈ က (အမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါ က လုပ်ထုံးလုပ်နည်းနှင့်အညီလျှောက် ထားလာသော ဦးမောင်မောင်ကျော် အား မြေငှားဂရန့် ထုတ်ပေးလိမ့်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
တောင်ငူမြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/48980, HONDA WAVE NF 110 TM M/C ယာဉ်လက်ဝယ်ရှိသူ ခေါ်သီတာမြိုး ၁၀/သဃန(နိုင်)၂၄၇၅၈၀က (အမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံလုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
ကည၊(ဆလင်း)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/83044, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်းအောင် ၁၄/ရကန(နိုင်)၁၃၆၉၀ က ယာဉ်မှတ်ပုံတင်စာအုပ်(အမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။ ကည၊
တိုင်းဒေသကြီး၊(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/5918, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ခေါ်ဝင်းအိခိုင် ၇/ကပဟ(နိုင်) ၀၉၂၉၂၆က (အမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံလုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။
ကည၊အခရိုင်ရုံး(ပြည်)ပြည်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/92150, Super Shiner 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင

ဖောင်းကြွနဲ့ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/6019 ၏ ဖောင်းကြွနဲ့ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနဲ့ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကည၈၊ ခရိုင်ရုံး(သာယာဝတီ)

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်ကြီး၊ ဝါတိုးရေကုန်းရပ်ရေ (၁)ဦးညီလေး၏သမီးဖြစ်သူ ဒေါ်စုစု (၉/ရမသ(နိုင်)ဝ၀၇၇၉၆၈၈) လွှဲအပ်သည့်နှိုက်ကားကျော်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရမည်းသင်းမြို့၊ ဝါတိုးရေကုန်းရပ်ရို အရှေ့လားသော်- ဦးကျင်ရောင်း၊ အနောက်လားသော်- ထွန်းကော်မာ ရွယ်တာ၊ တောင်လားသော်-ဦးအောင်မင်း၊ မြောက်လားသော်-ရန်အောင်မြင့်လမ်း အနားလေးရပ်အတွင်း အိမ်ဝိုင်းဦးမြေအား ဦးဇေဝင်းနိုင်ဝင့်နီးဖြစ်သူဒေါ်စုစုတို့မှ လက်ရှိထားနေ ထိုင်ပိုင်ဆိုင်ခဲ့သော အိမ်ခိုင်းဦးမြေအား (၂-၆-၂၀၁၆)ရက်တွင် ဦးဆန်နိုင်(၁၅)ဦးကျော်ဖြိုင် (၉/ရမသ(နိုင်)ဝ၈၇၀၀) သက်ငယ်ဖြိုးကျေးရွာ၊ ရမည်းသင်းမြို့နယ်နေသုထံသို့ ငွေကျပ်သိန်း(၈၅၀)ဖြင့် အိမ်ဝင်းခြံနှင့်တိုက် အရောင်းအယ်ကတိစာချုပ်ပြု လုပ်ထားရာခွဲပယ်သည်။ ယနေ့အဝေါတွင် ဦးဇေဝင်းနိုင်မှာ (၁၈-၆-၂၀၂၅)ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ အဆိုပါ အိမ်ခိုင်းခြံမြေအား ဦးဆန်နီတစ်ဦးတည်း အား ရောင်းချခြင်းဖြစ်ပြီး အခြားအသုံးသုတစ်ဦးတစ်ယောက်ထံကိုမျှ ရောင်းချ ခဲ့ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဇဏ္ဍာဗိုး (LL.B, WIPO-Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၇၇၈)
ရန်အောင်မြင်လမ်း၊ မြို့မရဝိုက္ကတ်ကြီး၊ ရမည်းသင်းမြို့၊
lawyerwunnasoe@gmail.com ဖုန်း-၀၉-၇၉၈၆၆၅၀၆

အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရင်ကွက်ကြီး (၁၅)၊ ဖောင်းတော ကျေးရွာအုပ်စု၊ အေးချမ်းသာယာ (၉)လမ်း၊ ကွင်း/အကွက် အမှတ်(၆၆၈)၊ အိမ်အမှတ် (၁၇၈)၊ မြေအကျယ်အဝန်း (၉၁/၆၉x၇၅/၆၉) ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော RC(၂) ထပ်တိုက် အဆောက်အအုံ၊ ရေ မီး၊ မီတာ၊ ကွန်ပရက်ဆာ၊ ရေပူ၊ ရေအေးစက် အပါအဝင် မြေပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ဒေါ်တင်းမေ (၁၅) ဦးနွယ်သာဖြတ် (၉/မမန(နိုင်)ဝ၄၇၂)၏ အဆင့်အလိုက် ပေးချေပြီးပြီးဖြင့် ကျွန်ပ်ဝယ်ယူခဲ့ကြောင်း။ ထိုမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ပ်၏မိတ်ဆွေဖြစ်သူမှ အဆိုပါအိမ်ခြံမြေအား အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးစရန်ငွေကျပ် တစ်စိတ်တစ်ဆေးကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အိမ်ခြံမြေအရောင်းအယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ပ် ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကုန်ဆုံးသည်တိုင် ကန့်ကွက်သူမရှိပါ အရောင်း အယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်နေသီဆာဝေးထူး(LL.B (D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၅၅)
ယုနေ့လမ်းနှင့်ပြည်သာယာလမ်းထောင့်၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၄၅၂၀၁၈၁

အမှတ်(၆၄)၊ ဝေဠုဝန်လမ်းကျယ်၊ ၀၆/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ရှိ အိမ်မြေတို့နှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂၈၆)၊ မြေကွက်အမှတ် (၆၅၅)၊ မြေကျယ် (၅၀x၁၀၀) ပေ ရှိ မြေပိုင်မြေအမျိုးအစားနေအိမ်နှင့်တို့ကို အရောင်းအယ်မှတ်ပုံတင်စာချုပ်အမှတ် ၂၅/ ၁၉၆၇ (၁၆-၂-၁၉၆၇) အရ ဦးအုံးလှနှင့်ဇနီး ဒေါ်စန်းကြည်တို့မှ ဝယ်ယူပိုင်ဆိုင်လာခဲ့ပါသည်။

ဦးအုံးလှနှင့် ဒေါ်စန်းကြည်တို့တွင် သားသမီး(၁၁)ဦး ထွန်းကားခဲ့ပါသည်။ ၎င်းတို့မှာ (၁) ဒေါ်အေးသန်း (၁၂/စခန(နိုင်)ဝ၁၀၅၅၈)၊ (၂) ဦးသိန်းထွန်း (၁၂/စခန(နိုင်)ဝ၁၀၁ဝ၉)၊ (၃) ဦးမောင်မောင်သန့် ၁၂/စခန(နိုင်)ဝ၁၇၈၅၉)၊ (၄) ဒေါ်ယဉ်ယဉ်မြ (၁၂/သဃက(နိုင်)ဝ၉၄ဝ၈)၊ (၅) ဦးသန်းအေး (၁၂/စခန(နိုင်)ဝ၄၇၇၆)၊ (၆) ဒေါ်ခင် ခင်စန်း (၁၂/စခန(နိုင်)ဝ၁ဝ၉ဝ၄)၊ (၇) ဒေါ်စန်းစန်းမော် (၁၂/စခန(နိုင်)ဝ၁ဝ၉ဝ၆)၊ (၈) ဒေါ်ခင်ခင်အေး (ကွယ်လွန်)၊ (၉) ဦးသန်းထွေး (ကွယ်လွန်)၊ (၁၀) ဒေါ်ခင်ခင်မျိုး (၁၂/စခန(နိုင်)ဝ၁၉၅၉၇)၊ (၁၁) ဒေါ်ချိုချိုလင်း (၁၂/စခန(နိုင်)ဝ၅၂ဝ) တို့ ဖြစ်ကြပါသည်။

ဖခင်ကြီး ဦးအုံးလှ သည် (၄-၄-၂၀၀၅) ရက်တွင်လည်းကောင်း၊ မိခင်ကြီး ဒေါ်စန်းကြည်သည် (၂၆-၆-၂၀၀၅) ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြပါသည်။ သားတစ်ဦးဖြစ်သူ ဦးသန်းထွေးမှာ (၂၆-၁-၂၀၀၂) ရက်တွင် လူမျိုးကြီးဘဝဖြင့်လည်းကောင်း၊ သမီးတစ်ဦးဖြစ်သူ ဒေါ်ခင်ခင်အေးသည် (၅-၃-၂၀၂၁)ရက်တွင်လည်းကောင်း၊ ကွယ်လွန် ခဲ့ပြီး ယင်းဓါတင်ပွန်း ဦးကြိုင်ဝင်း (၁၂/လသယ(နိုင်)ဝ၀၄ဂ၅၆) ကျန်ရှိပါသည်။

အထက်ပါကျန်ရစ်သူ သားရင်းသမီးရင်း (၉)ဦးနှင့် ကွယ်လွန်သူ ဒေါ်ခင်ခင်အေး၏ခင်ပွန်းအပါအဝင် (၁၀)ဦးတို့သာလျှင် အထက်ပါ မိခင် ဖခင်တို့ကျန်ရှိသောပစ္စည်းကို မြန်မာဓလေ့ထုံးတမ်း၌ပဋေနှင့် အမွေဆက်ခံရေးဥပဒေများအရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ခြင်းပါသည်။

သို့ပါ၍ အထက်ပါအမွေဆိုင်ပစ္စည်းကို ဦးမောင်မောင်သန့်နှင့် ဒေါ်ယဉ်ယဉ်မြတို့မသိရှိ သဘောမတူဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံစပ္စည်းအဖြစ် တင်သွင်းခြင်း၊ အခြားနည်း လွဲပြောင်းခြင်း၊ ပြုလုပ်ခွင့်မရှိကြောင်း၊ ပြုလုပ်ခဲ့ပါလျှင် ပြုလုပ် ဆောင်ရွက်သူတို့၏ဘာဝနိသာဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးမောင်မောင်သန့်, (၁၂/စခန(နိုင်)ဝ၁ဂ၈၅၉) နှင့် ဒေါ်ယဉ်ယဉ်မြတို့မသိရှိ သဘောမတူဘဲ မည်သူမျှ ရောင်းချခြင်း။ ပေါင်နှံခြင်း၊ အာမခံစပ္စည်းအဖြစ် တင်သွင်းခြင်း၊ အခြားနည်း လွဲပြောင်းခြင်း၊ ပြုလုပ်ခွင့်မရှိကြောင်း၊ ပြုလုပ်ခဲ့ပါလျှင် ပြုလုပ် ဆောင်ရွက်သူတို့၏ဘာဝနိသာဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးမောင်မောင်ဆွေ B.A (Law), LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၆၄၃)
အမှတ်-၁၇/၂၀ ၃၇-လမ်း (အောက်)၊ မြေညီထပ်၊
ကျောက်တံတားအေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
